# အဖ အာဗြဟံ

သင်ခန်းစာ သုံး

## အာဗြဟံ၏ ဘဝ ဇာတ်ကြောင်း - ခေတ်သစ်ကျင့်သုံးမှု

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီ၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........ 1**

**အာဗြဟံ နှင့် ယေရှု........ 3**

**အာဗြဟံ၏ အမျိုးအနွယ်တော် ........ 3**

တစ်ပါးတည်းဖြစ်ခြင်း ........ 4

အမျိုးအနွယ်တည်းဟူသော ခရစ်တော် ........ 6

**အဓိက အာဘော်များ ........ 9**

ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော် ........ 9

အာဗြဟံ၏ သစ္စာရှိမှု ........ 10

အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ ........ 11

အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ........ 11

**ဣသရေလ နှင့် အသင်းတော် ........ 13**

**အာဗြဟံ၏ အမျိုးအနွယ်တော် ........ 14**

အရေအတွက် ကြီးမားကျယ်ပြန့်မှု........ 14

လူမျိုးသတ်မှတ်ဖော်ထုတ်ချက်........ 15

ဝိညာဉ်ရေး လက္ခဏာ ........ 17

သမိုင်းကြောင်း အခြေအနေ ........ 19

**အဓိက အာဘော်များ ........ 21**

ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော် ........ 22

အာဗြဟံ၏ သစ္စာရှိမှု ........ 23

အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ ........ 24

အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ........ 24

**နိဂုံး ........ 25**




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သမ္မာကျမ်းစာနှင့် ပတ်သက်၍ ယနေ့ခေတ်လူများ နားလည်ရခက်တာ တစ်ခု ပြောပါဆိုလျှင် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာက ရေးခဲ့သည့် ဇာတ်ကြောင်းတို့က ယနေ့ ကျွန်ုပ်တို့၏ ဘဝများအား ပုံပြင်ပေးနိုင်စွမ်း ရှိနေသည်ကို စဉ်းစားရခက်ခြင်းပင် ဖြစ်သည်။ ကျမ်းစာထဲက အာဗြဟံ အကြောင်း ဖြစ်စဉ်တို့သည်လည်း သေချာပေါက် ထိုအတိုင်းပင် ဖြစ်နေကြသည်။ အာဗြဟံ ကိုယ်တိုင် လွန်ခဲ့သည့် နှစ်ပေါင်း လေးထောင်ခန့်က အသက်ရှင်နေထိုင်ခဲ့ပြီး သူ့အကြောင်း အဖြစ်အပျက် များကိုလည်း လွန်ခဲ့သည့် နှစ်ပေါင်း ၃၆၀၀ နီးနီးလောက်တွင် ရေးသားခဲ့သည်။ သို့တစေ အဆိုပါ ဇာတ်ကြောင်းများသည် သမ္မာကျမ်း၏ အပိုင်းကဏ္ဍများ ဖြစ်ရကား ယနေ့ခေတ် လူများကိုပင်လျှင် အကျိုးပေးသည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ ခရစ်တော် နောက်လိုက်များ ဝန်ခံထားကြပါသည်။

ဤသို့ ဝန်ခံထားစေကာမူ ယနေ့ခေတ် ကျွန်ုပ်တို့ဘဝနှင့် အာဗြဟံဘဝဇာတ်ကြောင်းတို့ မည်သို့ အကျုံးဝင် ဆက်နွယ်နေပါသနည်း ဆိုသည့် မေးခွန်းမှာမူ ဆက်ရှိနေဆဲပင်။ အာဗြဟံနှင့် ကျွန်ုပ်တို့ကြား ခြားနေသည့် နှစ် ၄၀၀၀ ကွာလှမ်းမှု အပေါ် ကျွန်ုပ်တို့ မည်သို့ ဖြတ်ကျော် ပေါင်းကူး ကြပါမည်နည်း။

ဤစာစဉ်ကို အဖ အာဗြဟံ ဟု ကျွန်ုပ်တို့ ခေါင်းစဉ်တပ်ထားပါသည်။ အကြောင်းမှာ အာဗြဟံ ဘဝဇာတ်ကြောင်းကို ကမ္ဘာဦးကျမ်းထဲ ပေါ်လွင်နေသည့်အတိုင်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ရန် ရှိ၍ ဖြစ်ပါသည်။ ဤစာစဉ်ပါ မိတ်ဆက် သင်ခန်းစာ သုံးခုထဲတွင် ဤသင်ခန်းစာသည် တတိယမြောက် ဖြစ်ပြီး "အာဗြဟံ ဘဝဇာတ်ကြောင်း - ယနေ့ခေတ်အတွက် လက်တွေ့အသုံးပြုချက်" ဟူ၍ ခေါင်းစဉ်ပေးထားသည်။ ဤသင်ခန်းစာထဲတွင် အာဗြဟံအကြောင်း တင်ပြထားသည့် ကမ္ဘာဦး အခန်းကြီးများမှ ယနေ့ခေတ်အတွက် လက်တွေ့အသုံးပြုချက်ကို လျောက်ပတ်စွာ ထုတ်ယူဆင်ခြင်သည့်နည်းအပေါ် စူးစိုက်ခြင်းဖြင့် အာဗြဟံ ဘဝဇာတ်ကြောင်း ခြုံငုံသုံးသပ်ချက်ကို ကျွန်ုပ်တို့ နိဂုံးချုပ်ကြပါမည်။ ယနေ့ခေတ် ကျွန်ုပ်တို့ ဘဝအသက်တာအတွက် အာဗြဟံ ဇာတ်ကြောင်း အဖြစ်အပျက်တို့ကို မည်သို့ အသုံးပြုသင့်ပါသနည်း။ ထိုအရာတို့က ယနေ့ခေတ် ကျွန်ုပ်တို့ အပေါ် မည်သည့် အကျိုးသက်ရောက်မှုမျိုးကို ဖြစ်စေပါသနည်း။

ကျွန်ုပ်တို့ လောကနှင့် အာဗြဟံ ဘဝဇာတ်ကြောင်းတို့ မည်သို့ ပတ်သက် ဆက်နွယ်နေသည်ကို နားလည်ရန်အတွက် အခြေခံ ဦးတည်ချက် နှစ်ရပ်အောက်၌ ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမအားဖြင့် အာဗြဟံနှင့် ယေရှုအကြား တည်ရှိနေသော ဆက်နွယ်မှုများ ဖြစ်ပြီး ဒုတိယအားဖြင့် မူလပထမ ဣသရေလ ပရိသတ်နှင့် ယနေ့ခေတ် အသင်းတော် ပရိသတ်တို့အကြား တည်ရှိနေသော ဆက်နွယ်မှုများ ဖြစ်ကြသည်။

အာဗြဟံ ဘဝဇာတ်ကြောင်းက ယနေ့ခေတ် အတွက်ပေးနေသော စပ်ဆိုင်ပတ်သက်မှုအကြောင်း ကျွန်ုပ်တို့ မလေ့လာမီ ရှေ့သင်ခန်းစာများထဲ ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးသမျှကို ခေတ္တ အချိန်ယူ ပြန်လည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သုံးသပ်ကြပါမည်။ အချိုးညီသော အဆင့်ငါးဆင့် အဖြစ် အာဗြဟံ၏ ဇာတ်ကြောင်းအား ခွဲဝေပိုင်းထားကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်ပါသည်။ အာဗြဟံ ဘဝဇာတ်ကြောင်းသည် အာဗြဟံ၏ နောက်ခံသမိုင်းနှင့် အစောပိုင်း ကာလ အတွေ့အကြုံများ ဖြင့် အစပြုထားသည် (၁၁း၁၀-၁၂း၉)။ ဒုတိယအားဖြင့် ၁၂း၁၀-၁၄း၂၄ ပါ အခန်းငယ် အတော်များများသည် အစောပိုင်း ကာလများအတွင်း အခြားလူမျိုးများကို ကိုယ်စားပြုသူတို့နှင့် အာဗြဟံတို့ အပြန်အလှန် ဆက်ဆံကြသည့် အပေါ် စူးစိုက်ထားကြသည်။ အာဗြဟံ ဘဝ ဇာတ်ကြောင်း၏ တတိယနှင့် ဗဟို အချက်အချာကျသည့် အပိုင်းသည် ၁၅း၁-၁၇း၂၇ ပါ အာဗြဟံနှင့် ပဋိညာဉ် ဖွဲ့တော်မူခြင်း အပေါ် စူးစိုက်ထားသည်။ ၁၈း၁-၂၁း၃၄ ပါ အာဗြဟံ ဘဝ ဇာတ်ကြောင်း၏ စတုတ္ထ အပိုင်းသည် နှောင်းပိုင်းကာလများအတွင်း အခြားလူမျိုးများကို ကိုယ်စားပြုသူတို့နှင့် အာဗြဟံတို့ အပြန်အလှန် ဆက်ဆံမှုများဆီသို့ လှည့်သွားသည်။ နောက်ဆုံးအားဖြင့် ၂၂း၁-၂၅း၁၈ ပါ ပဉ္စမ အပိုင်းသည် အာဗြဟံကို ဆက်ခံသော သားမြေး အကြောင်းနှင့် အာဗြဟံ အနိစ္စရောက်ခြင်းတို့ကို ရှင်းပြထားသည်။ အဆိုပါ အဆင့်ငါးဆင့်တို့သည် လူမျိုးစု ခေါင်းဆောင်၏ ဘဝဇာတ်ကြောင်းကို ပုံစံကျနစွာ အချိုးညီညီ တင်ဆက်ထားသည်။ ၁၅း၁-၁၇း၂၇ ထိဖြစ်သော တတိယ အပိုင်းသည် အာဗြဟံနှင့် ပဋိညာဉ်ပြုသည့်အကြောင်းကို ကိုင်တွယ်ထားပြီး အာဗြဟံ ဘဝဇာတ်ကြောင်း၏ အရေးအကြီးဆုံး အချက်အဖြစ် အသုံးခံသည်။ ဒုတိယနှင့် စတုတ္ထ နှစ်ပိုင်းလုံးသည် အာဗြဟံနှင့် အခြားလူမျိုးများ အပြန်အလှန် ဆက်ဆံမှုအပေါ် စူးစိုက်သော အပိုင်းများ ဖြစ်ကြသောကြောင့် အချင်းချင်း တူညီမှု ရှိကြသည်။ ပထမနှင့် နောက်ဆုံးကဏ္ဍများသည်လည်း သူ၏ မိသားစုမျိုးရိုး ဆင်းသက်လာပုံကို အတိတ်မှသည် အနာဂတ်တိုင်အောင် ဇစ်မြစ်လိုက်ပြီး ထိပ်ပိတ်၊ နောက်ပိတ်များ ပိတ်ပေးခြင်းဖြင့် အချင်းချင်း တူညီမှု ရှိနေကြသည်။ အာဗြဟံ ဘဝဇာတ်ကြောင်း အခြေခံ ဖွဲ့စည်းပုံကိုသာမက အာဗြဟံ ဘဝဇာတ်ကြောင်းကို ရေးရာ၌ မောရှေ၌ ရည်ရွယ်ချက် ရှိခဲ့ကြောင်း ရှေ့သင်ခန်းစာများထဲတွင် ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ အဲဂုတ္တုပြည်မှ ဣသရေလတို့ အဘယ်ကြောင့် ထွက်ခွာရသည်၊ ထိုပြည်ကို မည်သို့ ချန်ခဲ့ရမည် ဆိုသည်နှင့် ကတိတော်နယ်မြေသို့ အဘယ်ကြောင့် ဆက်ထွက်ရသည်၊ မည်သို့ သိမ်းပိုက်ရမည် ဆိုသည်တို့ကို ထိုသူတို့အား သွန်သင်ရန်အတွက် အာဗြဟံ အကြောင်း မောရှေ ရေးခဲ့ခြင်း ဖြစ်သည်။ တနည်းဆိုရလျှင် သူတို့၏ သမိုင်းနောက်ခံကို အာဗြဟံ၌ မြင်ရခြင်းဖြင့်၎င်း၊ ဆောင်ရန်၊ ရှောင်ရန် နမူနာပုံစံ၊ ဥပမာများကို အာဗြဟံ ဇာတ်ကြောင်းများထဲ၌ ရှာတွေ့ခြင်းဖြင့်၎င်း၊ သူတို့၏ ဘဝများအတွက် သူ့ ဘဝဇာတ်ကြောင်းက မည်သို့ ကြိုတင် အရိပ်ပြခဲ့သည်ကို ခွဲခြားသိရှိခြင်းဖြင့်၎င်း၊ မောရှေနောက်လိုက် ဣသရေလတို့သည် သူတို့အတွက် ဘုရားသခင်ထားရှိသည့် အကြံအစည်တော်နောက်သို့ လိုက်နိုင်မည့် နည်းများအား မြင်တွေ့နိုင်ကြမည် ဖြစ်သည်။ အဆိုပါ ရှေ့သင်ခန်းစာ ပြန်လည်သုံးသပ်ချက်အမြင်အရ အာဗြဟံ ဘဝဇာတ်ကြောင်းကပေးသော ယနေ့ခေတ် လက်တွေ့အသုံးပြုချက်ဆီ လှည့်ရန် ကျွန်ုပ်တို့ ယခု အဆင်သင့် ရှိနေကြပြီ ဖြစ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# အာဗြဟံ နှင့် ယေရှု

ရှေးဦးစွာ အာဗြဟံနှင့် ယေရှုတို့ နှစ်ဦးအကြား တည်ရှိနေသည့် ဆက်နွယ်မှုများကို ကြည့်ကြပါစို့။ အကြောင်းမလှစွာပင် ခရစ်ယာန်တို့သည် ယနေ့ခေတ် အသက်တာနှင့် အာဗြဟံ ဘဝဇာတ်ကြောင်းကို အနည်းနှင့်အများဆိုသလို မကြာခဏ တိုက်ရိုက် ချိတ်ဆက်မိ တတ်ကြသည်။ ကျွန်ုပ်တို့ ဘဝကို တိုက်ရိုက်စကားပြောသော ကျင့်ဝတ်ဆိုင်ရာ ပုံဝတ္ထုများအဖြစ် အာဗြဟံ ဇာတ်ကြောင်းပုံပြင်များအား လေ့လာတတ်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ ခရစ်ယာန်များအနေဖြင့် အာဗြဟံနှင့် ကျွန်ုပ်တို့အကြား ဆက်နွယ်မှုသည် ကြားခံအားဖြင့်သာ ဖြစ်ကြောင်း သိထားကြသည်။ ကျွန်ုပ်တို့နှင့် အာဗြဟံ ပတ်သက်ဆက်နွယ်ရခြင်း အကြောင်းသည် အာဗြဟံ၏ သီးသန့် မျိုးနွယ်တည်းဟူသော ခရစ်တော်နှင့် ကျွန်ုပ်တို့ တွယ်ဆက်ထားမှုကြောင့်သာ ရှိနေရသည်။ ကျွန်ုပ်တို့နှင့် အာဗြဟံအကြားတွင် ခရစ်တော်က ကြားခံရပ်တည်လျက် ရှိသည်။ ထိုအကြောင်းကြောင့်ပင် ခရစ်တော်မည်သူဖြစ်သည်၊ သူဘာလုပ်ပေးခဲ့ပြီး ဖြစ်သည်ဆိုသည့် အမြင်အောက်တွင် အာဗြဟံအကြောင်း ဖော်ပြသည့် ကျမ်းစာ အဖြစ်အပျက်တို့ကို အမြဲတစေ ရှုမြင်ရန် လိုအပ်သည်။

လူမျိုးစုခေါင်းဆောင်နှင့် ခရစ်တော် အကြား ရှိနေသော ဆက်နွယ်မှုများကို နားလည်ရန် အရေးအရာ နှစ်ခုကို ကျွန်ုပ်တို့ ကိုင်တွယ်ကြရပါမည်။ တဖက်တွင် ခရစ်တော်သည် အာဗြဟံ၏ အမျိုးအနွယ်တော် ဖြစ်ကြောင်း ဓမ္မသစ်က မည်သို့ သွန်သင်ထားသည်ကို ကျွန်ုပ်တို့ လေ့လာ ဖော်ထုတ်ကြပါမည်။ အခြား တဖက်တွင်မူ အာဗြဟံ ဘဝဇာတ်ကြောင်းထဲမှ ကျွန်ုပ်တို့ မှတ်သားခဲ့သည့် ပဓာန အာဘော် လေးခုတို့သည် အာဗြဟံ၏ အမျိုးအနွယ်တော်ဖြစ်သော ခရစ်တော်နှင့် မည်သို့ ပတ်သက်စပ်ဆိုင်နေသည်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ယေရှုသည် အာဗြဟံ၏ အမျိုးအနွယ်တော် ဖြစ်သည် ဆိုသည့် အယူအဆကို ဦးစွာ ကြည့်ကြပါစို့။

## အာဗြဟံ၏ အမျိုးအနွယ်တော်

သမိုင်းတလျှောက် ယုံကြည်သူ ယောက်ျား၊ မိန်းမ၊ ကလေးသူငယ် ရှိသမျှတို့၏ ဖခင်သည် အာဗြဟံ ဖြစ်သည်ဟု ဆိုရာရောက်သည့် သဘော တစ်ခု ယခု ရှိနေပါသည်။ ကျွန်ုပ်တို့ ရှိသမျှသည် သူ့မိသားစုဝင်များ၊ သူ့သားသမီးများ၊ သူ၏ အမွေခံများ ဖြစ်နေကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သည့်အတိုင်း အာဗြဟံ ၏ သီးသန့် အမျိုးအနွယ်တော်တည်း ဟူသော ခရစ်တော်နှင့် ကျွန်ုပ်တို့ တွယ်ဆက်ထားပြီး ဖြစ်သောကြောင့်သာလျှင် ဤသို့သော ဂုဏ်ရည်မျိုးကို ကျွန်ုပ်တို့ ခံစားရခြင်း ဖြစ်ကြောင်း ဓမ္မသစ်က ရှင်းရှင်းပြဆိုထားပါသည်။ ဤရှုထောင့်အရ ဓမ္မသစ် သွန်သင်ချက်ကို ဆုပ်မိရန်အတွက် ကိစ္စနှစ်ခုကို ကျွန်ုပ်တို့ အတိုချုပ် ဆွေးနွေးပါမည်။ ဦးစွာ "အမျိုးအနွယ်တော်" ကို တစ်ပါးတည်းသော ဧကဝုစ်ကိန်း အဖြစ် ဖော်ပြချက် ဖြစ်ပြီး ဒုတိယအားဖြင့် ခရစ်တော်သည် အာဗြဟံ၏ သီးသန့် စံ အမျိုးအနွယ်တော် ဖြစ်သည် ဟူသည့် အယူအဆ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## တစ်ပါးတည်းဖြစ်ခြင်း

အာဗြဟံ အမျိုးအနွယ်ကို ဧကဝုစ်ကိန်း အဖြစ် ဖော်ပြချက်အပေါ် သမ္မာကျမ်းစာက အာရုံစိုက်သည့် ပုံစံများအား ဦးစွာ ပထမ စဉ်းစားကြပါစို့။ ဤအရေးအရာအပေါ် အလေးနက်ဆုံး စူးစိုက်နေသည့် ကျမ်းပိုဒ်မှာ ဂလာတိ ၃း၁၆ ဖြစ်ပါလိမ့်မည်။ ထိုနေရာတွင် အောက်ပါ စကားလုံးများကို ကျွန်ုပ်တို့ တွေ့ရသည်။

> ကတိတော်တို့ကို အာဗြဟံနှင့် သူ၏ အမျိုးအနွယ်၌ ထားတော်မူ၏။
> "အမျိုးအနွယ်တို့" ဟု အများသောသူတို့ကို ရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။
> "သင်၏ အမျိုးအနွယ်" ဟု တစ်ယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏
> (ဂလာတိ ၃း၁၆)။

ကမ္ဘာဦးကျမ်းတွင် ဘုရားသခင်သည် အာဗြဟံနှင့် သူ၏ အမျိုးအနွယ် သို့မဟုတ် သားမြေးသို့ ကတိထားတော်မူခဲ့သည် ဆိုသည့်အချက်ကို ဤကျမ်းပိုဒ်၌ ပေါလုက ပြန်လည် ကိုးကား ထားခဲ့သည်။ သို့သော် ဘုရားသခင်သည် အာဗြဟံနှင့် သူ၏ သားမြေးများ (ဝါ) အများသောသူတို့ကို ကတိထားတော်မူခြင်း မဟုတ်ဘဲ အာဗြဟံနှင့် သူ၏ အမျိုးအနွယ် (ဝါ) ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်တစ်ပါး တို့ကို ကတိထားတော်မူခြင်း ဖြစ်ကြောင်း ပြောဆိုရင်း ပေါလုက "အမျိုးအနွယ်" ဆိုသည့် ဖော်ပြချက်အပေါ် အထူးတလည် သုံးသပ်ချက်ပေးခဲ့ပုံကို သတိပြုရပါမည်။

ဟေဗြဲစကား *ဇေရာ* ကို "အမျိုးအနွယ်" အဖြစ် ဧကဝုစ်ကိန်း ပြန်ဆိုထားကြောင်း သတိပြုမှတ်သားလျက် ပေါလုက ဤနည်းအတိုင်း အကျိုးအကြောင်း တင်ပြခဲ့သည်။ ပေါလုတို့ခေတ်မှာ ရနိုင်သည့် ဓမ္မဟောင်းကျမ်းအတွင်း ဂရိလို ပြန်ဆိုထားသည့် *စပါမာ* ဆိုသည့် စကားကလည်း ထိုသဘောပင် ဖြစ်သည်။ ပေါလု မှတ်သားခဲ့သည့်အတိုင်း ကတိတော်သည် အာဗြဟံနှင့် သူ့ *အမျိုးအနွယ်တို့* (ဗဟုဝုစ်ကိန်း) အတွက်ဟု ဘုရားသခင် မိန့်တော်မမူခဲ့ဘဲ သူ့ *အမျိုးအနွယ်* (ဧကဝုစ်ကိန်း) အတွက်ဟူ၍ သာ မိန့်တော်မူခဲ့သည်။

ယခု ယေဘူယျဆိုရလျှင် ပေါလု တင်ပြနေသော အမြင်သည် တဲ့တိုးကျလှသည်။ အာဗြဟံ၏ အမွေဆက်ခံခွင့်သည် တစ်ဦးတစ်ယောက်သော အမျိုးအနွယ်ဆီသို့သာ ရောက်လာသည်။ ဧကဝုစ်ကိန်းဖြစ်သောကြောင့် သားမြေး တစ်ဦးတစ်ယောက်ကိုသာ ဆိုလိုရင်း ဖြစ်သည်။ သို့သော် "အမျိုးအနွယ်" ၏ ဧကဝုစ် အနက် အကြောင်း ပေါလု တင်ပြချက်ကြောင့် အနက်ဖွင့်သူများအတွက် အခက်အခဲ အမျိုးမျိုး ပေါ်လာသည်။ ပြဿနာရှိပုံကို ဤသို့ ဖော်ပြနိုင်ပါသည်။ "အမျိုးအနွယ်" ဟု ပြန်ဆိုသော *ဇေရာ* ဆိုသည့်စကားလုံးသည် ဧကဝုစ်ကိန်း ဖြစ်သည် ဆိုသည်မှာ မှန်ပါသည်။ သို့သော် အာဗြဟံ ဇာတ်ကြောင်းအပါအဝင် ဓမ္မဟောင်း၌ "အမျိုးအနွယ်" ဆိုသည့် စကားအား ဧကဝုစ်ကိန်း ဖြစ်စေကာမူ လူအုပ်စု တစ်ခုကို ပေါင်းရုံး ကိုယ်စားပြုသည့် စုပေါင်းနာမ် အဖြစ် မကြာခဏ ပြန်ဆိုကြရသည်။ ဟေဗြဲစကား *ဇေရာ* (ဝါ) "အမျိုးအနွယ်" သည် ယနေ့ ကျွန်ုပ်တို့၏ အင်္ဂလိပ်စကားလုံး "သားမြေး" နှင့် များစွာ တူညီသည်။ ဤစကားလုံးသည်လည်း ဧကဝုစ် ပုံစံ ရှိလင့်ကစား တစ်ဦးတစ်ယောက်သော "သားမြေး" သို့မဟုတ် "သားမြေးများ" ကို စုပေါင်း ရည်ညွှန်းနိုင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဥပမာ ဆိုရလျှင် ကမ္ဘာ ၁၅း၁၃ ထဲက ဟေဗြဲစကား *ဇေရာ* (ဝါ) "အမျိုးအနွယ်" သည် အတိအကျ ဗဟုဝုစ်ကိန်း ဖြစ်ရသည်။ အာဗြဟံကို ဘုရားသခင် ပြောခဲ့သောစကားများအား ထိုနေရာ၌ ကျွန်ုပ်တို့ ဖတ်ရသည်။

> ထာဝရ ဘုရားကလည်း သင်၏ အမျိုးအနွယ်သည် သူတပါး ပိုင်သောပြည်၌ ဧည့်သည် ဖြစ်ကြသဖြင့် သူတပါးတို့၌ ကျွန်ခံခြင်း၊ နှိပ်စက်ညှင်းဆဲခြင်းကို အနှစ်လေးရာ ပတ်လုံး ခံရကြလိမ့်မည်ကို အမှန် သိမှတ်လော့ (ကမ္ဘာ ၁၅း၁၃)။

ဤနေရာတွင် "အမျိုးအနွယ်" ဟူသော စကားသည် ဟေဗြဲစကား ဧကဝုစ်ကိန်း *ဇေရာ* ဖြစ်သည်။ သို့သော် ဗဟုဝုစ် အဓိပ္ပာယ်ရှိနေသည်မှာ ရှင်းနေသည်။ ဤကျမ်းပိုဒ်အရ အမျိုးအနွယ်သည် ဗဟုဝုစ်ကိန်း ပုံစံဖြင့် "သူတို့၏ကိုယ်ပိုင်" ကို ဆိုလိုသည်။ ဟေဗြဲသဒ္ဒါအရ "ကျွန်ခံခြင်း၊ နှိပ်စက်ညှင်းဆဲခြင်းကို သူတို့ ခံကြရလိမ့်မည်" ဆိုသည့် ကြိယာတို့သည်လည်း ဗဟုဝုစ်ကိန်းများသာ ဖြစ်ကြသည်။

ကမ္ဘာဦးကျမ်းထဲ၌ "အမျိုးအနွယ်" ဟူသော ဧကဝုစ်ပုံစံ စကားလုံးသည် ပုဂ္ဂိုလ်တစ်ဦးထက်မက များသော လူစုကို မကြာခဏ စုပေါင်း ရည်ညွှန်းခဲ့ကြောင်း ပေါလု သိပြီး ဖြစ်ခဲ့ပါလိမ့်မည်။ အမှန်တွင် ပေါလုကိုယ်တိုင်လည်း ဂလာတိ ၃း၂၉ ၌ အမျိုးအနွယ် စကားလုံးအား ဗဟုဝုစ် အဓိပ္ပာယ်ဖြင့် အောက်ပါအတိုင်း သုံးထားခဲ့သည်။

> (သင်တို့သည်) ခရစ်တော်နှင့် စပ်ဆိုင်လျှင် အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်း အမွေခံ၏ အရာ၌ တည်ကြ၏ (ဂလာတိ ၃း၂၉)။

ဂရိသဒ္ဒါ အရလည်း "သင်တို့သည်" ဆိုသည့်ပုဒ်စုသည် *အက်စတေး* မှ ပြန်ဆိုထားချက် ဖြစ်ပြီး ဗဟုဝုစ် ကြိယာ အသုံး ဖြစ်သည်။ ထို့အပြင် "အာဗြဟံ၏ အမျိုးအနွယ်" ဆိုသည်မှာလည်း ဂရိလို *ကလီယိုနိုမွိုင်* "အမွေခံများ" ဟူသော ဗဟုဝုစ်ကိန်းနှင့် အဓိပ္ပာယ်တူ ဖြစ်သည်။

ထိုအရ ကျွန်ုပ်တို့အတွက် မေးခွန်း တစ်ခု ပေါ်လာသည်။ "အမျိုးအနွယ်" ဟူသော ဝေါဟာရ၏ ဧကဝုစ်ပုံစံသည် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ထက်မက များသော လူအုပ်စုကို ရည်ညွှန်းနိုင်ကြောင်း ပေါလု သိရှိခဲ့သည် ဆိုပါက ၎င်း၏ ဧကဝုစ် အသုံးအပေါ် အဘယ်အကြောင်းကြောင့် သူ အလေးပေးခဲ့ပါသနည်း။ ဖြစ်နိုင်ခြေအားလုံးကို စဉ်းစားလျှင် ကမ္ဘာ ၂၂း၁၆-၁၈ ပါ အာဗြဟံ ဘဝဇာတ်ကြောင်းထဲက သီးသန့် ကျမ်းပိုဒ် တစ်ခုကို ပေါလု စဉ်းစားနေခဲ့ပုံ ရသည်။ အဆိုပါ ကျမ်းချက်များထဲတွင် "အမျိုးအနွယ်" ဟူသော ဝေါဟာရသည် အတိအကျ ဧကဝုစ် အသုံးကို သုံးထားသည်။ အဆိုပါ ကျမ်းပိုဒ်များကို အရှိအတိုင်း ပြန်ဆိုထားချက်အား နားထောင်ကြည့်ပါ။

> သင်၏သား၊ သင်၌ တစ်ယောက်တည်းသောသားကို မငြင်းသောကြောင့် ငါသည် သင့်အား အစဉ်အမြဲ ကောင်းချီးပေးမည်။ သင်၏ အမျိုးအနွယ်ကိုလည်း ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊ အစဉ်အမြဲ ပွားများစေမည်။ သင်၏ အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အစိုးရလိမ့်မည်။ သင်၏ အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ၏ စကားကို သင်နားထောင်သောကြောင့် ငါသည် ကိုယ်ကိုကိုယ် တိုင်တည်၍ ကျိန်ဆို၏ဟု ထာဝရ ဘုရား၏ အမိန့်တော်ကို ဆင့်ဆိုလေ၏ (ကမ္ဘာ ၂၂း၁၆-၁၈)။

အကြောင်းမလှစွာပင် ခေတ်သစ် ပြန်ဆိုချက် အများအပြားသည် ဤကျမ်းချက်ပါ "အမျိုးအနွယ်" အား စုပေါင်းနာမ် ကေဝုစ်အသုံး အဖြစ်ပြန်ဆိုထားကြသည်။ သို့ရာတွင် ဤကျမ်းချက်သည် ဣဇာက်ကို ယဇ်ပူဇော်သည့် ဇာတ်ကြောင်းမှ အပိုင်းတစ်ခု ဖြစ်ကြောင်း ကျွန်ုပ်တို့ အမှတ်ရဖို့ လိုပါသည်။ ထို့ကြောင့် ဤနေရာတွင် "အမျိုးအနွယ်" ဟူသော စကားလုံးသည် အာဗြဟံ၏ သားမြေးများကို ယေဘူယျ မရည်ညွှန်းဘဲ အာဗြဟံ၏ သား ဣဇာက်ကိုသာ ရည်ညွှန်းခဲ့ခြင်း ဖြစ်သည်။ "အစိုးရလိမ့်မည်" ဟူသော ကြိယာသည် ဟေဗြဲသဒ္ဒါအရ ကေဝုစ်ကိန်း ဖြစ်သဖြင့် "သူ့ ရန်သူတို့" ဟူသော ပုဒ်စုပါ နာမ်စားသည်လည်း ကေဝုစ်ကိန်းသာ ဖြစ်ရကြောင်းကို သတိပြုရပါမည်။

နောက်ပိုင်း သင်ခန်းစာတို့တွင် ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သလို ကမ္ဘာဦး အခန်းကြီး ၂၂ နှင့် နောက်ပိုင်း အခန်းကြီးများသည် ဆာရာနှင့် ရသောသား ဣဇာက်အား ဟာဂရနှင့် ရသော သားနှင့် ကေတုရအားဖြင့် ရသောသားများ မှ ကွဲပြားအောင် ခွဲခြားရာ၌ အချိန်ယူသွားကြသည်။ ဣဇာက်သည် ကတိတော်နှင့် ဆိုင်သော သီးသန့် အမျိုးအနွယ် ဖြစ်သည်။ အာဗြဟံ၏ တစ်ဦးတည်းသော အမွေခံအဖြစ် ဘုရားသခင် ရွေးကောက်တော်မူထားပြီးသူ ဖြစ်သည်။ သို့ဖြစ်၍ ဣဇာက် မမွေးဖွားမီ အာဗြဟံ၏ "အမျိုးအနွယ်" အား ယေဘူယျအားဖြင့် စုပေါင်းနာမ်အဖြစ် ကမ္ဘာဦးကျမ်း၌ ပြောဆိုထားပြီး "သားမြေးများ" ဟူ၍ ဗဟုဝုစ် အဓိပ္ပာယ် ရသည်။ သို့သော် ဤနေရာရှိ စကားလုံးသည် အာဗြဟံ၏ ကတိတော်များကို အမွေခံမည့် တစ်ဦးတည်းသော သီးသန့် သားမြေး အဖြစ် ဣဇာက်အပေါ်တွင် စူးစိုက်ထားသည်။

ဤအရ အာဗြဟံ၏ တစ်ဦးတည်းသော အမျိုးအနွယ်အဖြစ် ပေါလု ရည်ညွှန်းသုံးစွဲသည့်အခါ ပေါလု ဆိုလိုသည့် အခြေခံ အချက်ကို ကျွန်ုပ်တို့ နားလည်နိုင်သည်။ ကမ္ဘာဦး အခန်းကြီး ၂၂ တွင် ဘုရားသခင်သည် အာဗြဟံနှင့်တကွ သူ၏ သားမြေးရှိသမျှသို့ တိုက်ရိုက် ကတိပြုခဲ့ခြင်း မရှိကြောင်း ပေါလု မှတ်သားထားခဲ့သည်။ ကမ္ဘာ ၂၂း၁၆-၁၈ ပါ "အမျိုးအနွယ်" ၏ ကေဝုစ် အသုံးက ကတိတော်များသည် အာဗြဟံ၏ သီးသန့် သားမြေးလည်းဖြစ်၊ အမွေခံလည်း ဖြစ်သော ဣဇာက်ထံသို့ လက်ဆင့်ကမ်းသည့်အဖြစ်ကို ညွှန်ပြနေကြောင်း သူ ထောက်ပြခဲ့သည်။

## အမျိုးအနွယ်တည်းဟူသော ခရစ်တော်

အာဗြဟံ၏ အမျိုးအနွယ်ဆိုသည်မှာ ကေဝုစ်ကိန်း တစ်ဦးတစ်ယောက်ကို ဆိုလိုကြောင်း ရှုမြင်မှုအရ ခရစ်တော်သည် အာဗြဟံ၏ အမျိုးအနွယ်ဖြစ်ကြောင်း သွန်သင်မှုဆီ ကျွန်ုပ်တို့ လှည့်ကြရမည် ဖြစ်ပါသည်။ ဂလာတိ ၃း၁၆ တွင် တမန်တော် ပြောခဲ့သည့်အရာကို တဖန် ပြန်နားထောင်ကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကတိတော်တို့ကို အာဗြဟံနှင့် သူ၏ အမျိုးအနွယ်၌ ထားတော်မူ၏။
"အမျိုးအနွယ်တို့" ဟု အများသောသူတို့ကို ရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။
"သင်၏ အမျိုးအနွယ်" ဟု တစ်ယောက်သောသူကို ရည်မှတ်၍ မိန့်တော်မူ၏
(ဂလာတိ ၃း၁၆)။

ဤကျမ်းပိုဒ်အရ အာဗြဟံ၏ အမျိုးအနွယ်သည် ဧကဝုစ်ကိန်း ဖြစ်သည် ဆိုသည့်အချက်အပေါ် မှာသာမက အာဗြဟံ၏ အမျိုးအနွယ် တစ်ဦးတစ်ယောက်သည် ခရစ်တော် ဖြစ်သည် ဆိုသည့် အချက်အပေါ်မှာပါ ပေါလုက အာရုံစိုက်ထားစေခဲ့သည်။ ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်သလို ကမ္ဘာဦးကျမ်းလာ မူလအဓိပ္ပာယ်အရ ဆိုပါက မောရှေရေးခဲ့သော အာဗြဟံ၏ တစ်ယောက်သော အမျိုးအနွယ်သည် ဆာရာအားဖြင့် မွေးဖွားသော ကတိတော်နှင့် ယှဉ်သည့် သီးသန့် သား ဣဇာက်မှ တပါး အခြားသူ မဖြစ်နိုင်တော့ပေ။ သို့ဖြစ်ပါက အာဗြဟံ၏ တစ်ဦးတစ်ယောက်သော အမျိုးအနွယ်သည် ယေရှုဖြစ်ကြောင်း ရေးသည့် ပေါလု အပေါ် ကျွန်ုပ်တို့ မည်သို့ နားလည်သင့်ကြပါသနည်း။

ဤပုံစံ စဉ်းစားကြည့်ကြပါစို့။ အာဗြဟံ၏ အမွေသည် သူ၏ သားစဉ်မြေးဆက် ပိုင်ဆိုင်သည့် မိသားစုအမွေ ဖြစ်ခဲ့သည်။ သို့သော် ကျမ်းစာသမိုင်းအတွင်း အရေးကြီးသည့် အချိန်အခါတို့တွင် ဘုရားသခင်သည် အရေးပါသော ပုဂ္ဂိုလ်များစွာကို ရွေးကောက်၍ အာဗြဟံ၏ အမွေကို ဆက်ခံပြီး အခြားသူများသို့ ပြန်မျှဝေသူ သီးသန့် အမွေခံများ အဖြစ် အသုံးပြုခဲ့သည်။ ဣဇာက်နှင့် ဆိုင်သည့် ကိစ္စတွင်မူ သူသည် အာဗြဟံ၏ အခြားသောသားများမှ ကွဲပြားခြားနားသည့် သီးသန့် အမျိုးအနွယ် ဖြစ်ခဲ့သည်။ ဣဇာက်တွင် ယာကုပ်နှင့် ဧသော ဆိုသည့် သား နှစ်ဦးရှိရာ ဘုရားသခင်သည် အာဗြဟံ၏ သီးသန့် အမျိုးအနွယ်အဖြစ် ဣဇာက်ကို ရွေးကောက်ခဲ့ပြီး ဧသောနှင့် သူ့သားမြေးတို့ကိုမူ ဖယ်ထုတ်ထားခဲ့သည်။ ယာကုပ်ထံမှ ဣသရေလ လူမျိုး၏ လူမျိုးနွယ်စု အကြီးအကဲ တဆယ့်နှစ်ယောက် ဆင်းသက်လာခဲ့ကြသည်။ သို့သော် ဣသရေလ လူမျိုးနွယ်များအတွင်း ခေါင်းဆောင်များစွာသည်လည်း အာဗြဟံ၏ သီးသန့် အမွေခံများ ဖြစ်ခဲ့ကြသည်။ ဥပမာအားဖြင့် မောရှေသည် ဣသရေလလူမျိုးများ အဲဂုတ္တုမှ ကတိတော်နယ်မြေသို့ ထွက်ခွာရာတွင် ဘုရားသခင့်လူမျိုးများ အတွက် ခေါင်းဆောင်၊ ကြားဝင်စေ့စပ်ပေးသူ ဖြစ်ခဲ့သည်။။ နောက်ပိုင်းတွင် ဣသရေလတို့ အတောင်အလက်စုံသော အင်ပါယာ တစ်ခုဖြစ်တည်လာသောအခါ ဒါဝိဒ်နှင့် သူ့သားတို့သည် အာဗြဟံ၏ အမွေအား တပါးသူဆီ မျှဝေ ဆက်စပ်ပေးသည့် သီးသန့် ကဏ္ဍကို တာဝန်ယူခဲ့သည်။

ဒါဝိဒ်နှင့် သူ့သားများ ယူခဲ့သည့် ဤသီးသန့် ကဏ္ဍသည် ခရစ်တော်ကို အာဗြဟံ၏ အဆုံးသတ် ကြီးမြတ်သော အမျိုးအနွယ်အဖြစ် ပေါလု ဖော်ပြရန် အကြောင်းဖန် လာစေခဲ့သည်။ အကြောင်းမှာ ယေရှုသည် ဒါဝိဒ်၏ ထီးနန်းကို ဆက်ခံမည့် အမွေခံစစ်ဖြစ်သောကြောင့် ဖြစ်သည်။ သူ့လူတို့ကို အစဉ်အမြဲ အုပ်စိုးမည့် ရှင်ဘုရင်အဖြစ် ဘုရားသခင်သည် သူ့အား ရွေးကောက်ခဲ့သည်။ သူသည် အာဗြဟံ၏ ကြီးမြတ်သော ထာဝရ တော်ဝင် အမျိုးအနွယ်တည်းဟူသော မေရှိယပင် ဖြစ်သည်။ ထိုအရ ခရစ်တော်သည် သူ့အားဖြင့် မည်သူ့ကိုမဆို အာဗြဟံ၏ အမွေခံအရာ၌ ပါဝင်ခွင့်ကို ပေးသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တစ်ပါးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။ ခရစ်တော်နှင့် ကွဲကွာခွဲခွာနေသည့် မည်သူမဆို အာဗြဟံအားဖြင့် ပြုထားသည့် ကတိတော်များကို ဝင်စားပိုင်ဆိုင်ခွင့် ရှိမည်မဟုတ်ပါ။

သို့ဖြစ်၍ အာဗြဟံနှင့် ဆက်နွယ်ပြီး ယေရှုကို ဤသို့ ပေါင်းရုံးဖော်ပြနိုင်သည်။ ခရစ်ယာန် ရှုထောင့်အမြင်အရ ယေရှုသည် အာဗြဟံ၏ အဆုံးသတ် တုနှိုင်းမဲ့ အမျိုးအနွယ်ပင် ဖြစ်တော့သည်။ အာဗြဟံ ဘဝဇာတ်ကြောင်းကို ယနေ့ခေတ်အတွက် ကျွန်ုပ်တို့ လက်တွေ့အသုံးပြုလိုသည့်အခါ အာဗြဟံနှင့် ကျွန်ုပ်တို့ လောကကြား ဆက်နွယ်မှုဟူသည် ခရစ်တော်က သူ့နိုင်ငံတော်ကို အစပြုခဲ့သည့်နောက် ယခု ၎င်းကို ဆက်လက် တည်ဆောက်နေပြီး အနာဂတ် ပြည့်စုံမှုကိုပါ ဆောင်ကြဉ်းပေးရန် ရှိသည်နှင့်အညီ အာဗြဟံ၏ ကြီးမြတ်သော ကောင်းချီးများ ခရစ်တော်၏ လက်သို့ ပြောင်းသွားခြင်းကို ဆိုလိုကြောင်း ကျွန်ုပ်တို့ ခရစ်ယာန်များ အမြဲတစေ နားလည်ထားရမည် ဖြစ်သည်။

ခရစ်တော်သည် အာဗြဟံ၏ အမွေကို လက်ခံရရှိပြီး ဖြန့်ဝေပေးသူဖြစ်ကြောင်း ဓမ္မသစ်က ပဓာနကျသော အဆင့်သုံးဆင့်အားဖြင့် သွန်သင်ထားသည်။ ပထမ အားဖြင့် ကိုယ်တော်၏ ပထမ ကြွလာခြင်း၌ သူ၏ နိုင်ငံတော် အစပြုမှု ဖြစ်ပေါ်ခြင်း အဆင့်၊ ဒုတိယအားဖြင့် ပထမကြွလာပြီးနောက် တဖန်ပြန်မကြွလာမီ သမိုင်းကြောင်း အစမှ အဆုံး တိုးတက်လာသည့် နိုင်ငံတော်ကို ဆက်လက်လုပ်ဆောင်မှု အဆင့် နှင့် တတိယအားဖြင့် ဘုန်းနှင့် ပြည့်ဝသော ကိုယ်တော်၏ ဒုတိယကြွလာခြင်း၌ သူ၏ နိုင်ငံတော် အဆုံးသတ် ပြီးပြည့်စုံခြင်းသို့ ရောက်ရှိခြင်း အဆင့် တို့ ဖြစ်ကြသည်။ ကိုယ်တော်သည် ခမည်းတော် ဘုရားသခင်၏ လက်ျာဘက်၌ အလုံးစုံအပေါ် စိုးစံလျက် အာဗြဟံ၏ အမွေအား တနေ့ထက်တနေ့ မြင့်မားလာနေသော အတိုင်းအဆ ပမာဏဖြင့် လက်ခံရယူခြင်း၊ ဖြန့်ဝေခြင်းတို့ကို ဆက်လက် လုပ်ဆောင်တော်မူနေသည်။ တစ်နေ့သောအခါ ဘုန်းတော်၌ ကိုယ်တော် ပြန်ကြွလာချိန်တွင် အာဗြဟံ၏ အမွေကို အကုန်အစင် လက်ခံရယူပြီး ဖြန့်ဝေပေးတော်မူပါလိမ့်မည်။

လိုရင်းဆိုရလျှင် ဂလာတိ ၃း၁၆ ကျမ်းပိုဒ်ထဲ၌ အတော်ကလေး နက်နဲ ရှုပ်ထွေးသော ဓမ္မပညာပိုင်းဆိုင်ရာ ရှုထောင့်အမြင်ကို ပေါလုက စကားလုံး အနည်းငယ်မျှဖြင့် အနှစ်ချုပ် ထုတ်ပြထားသည်။ ကတိတော်အား အာဗြဟံနှင့် သူ၏ တစ်ယောက်သော အမျိုးအနွယ်သို့ ပေးခြင်း ဖြစ်ကြောင်း ပေါလု ပြောခဲ့ပြီး ထို့နောက်တွင် အဆိုပါ အမျိုးအနွယ်သည် ခရစ်တော် ဖြစ်ကြောင်း ဖော်ထုတ်ပြခဲ့ချိန်တွင် ကမ္ဘာဦးကျမ်းထဲက "အမျိုးအနွယ်" ဟူသော စကားလုံးသည် ယေရှုကို တိုက်ရိုက်ညွှန်းဆိုခြင်း ဖြစ်သည်ဟု ပေါလု မပြောခဲ့ပါ။ ထိုအစား ဣဇာက်နှင့် ခရစ်တော်တို့ အကြား ရှိနေသည့် ပုံဆောင် နှိုင်းယှဉ်ချက်ကို အတိုချုံးထားသည့်ပုံဖြင့် ပေါလု ပြောဆိုခဲ့သည်။ ပိုရှင်းအောင် ဆိုရလျှင် ကျွန်ုပ်တို့ ခုလို ပြောနိုင်ပါသည်။ ဣဇာက်သည် သူ၏ မျိုးဆက်၌ အာဗြဟံ၏ အဓိက အမွေခံ ဖြစ်ခဲ့သည့် နည်းတူ ခရစ်တော်သည်လည်း အာဗြဟံ၏ အကြီးမြတ်ဆုံးသားလည်းဖြစ်၊ ဓမ္မသစ်ကာလ၌ အာဗြဟံ၏ အဓိက အမွေခံလည်း ဖြစ်သည်။

# အဓိက အာဘော်များ

အာဗြဟံ၏ အမျိုးအနွယ်သည် ခရစ်တော်ပင် ဖြစ်သည် ဆိုသည့်အချက်၏ လေးနက်ထူးခြားမှုကို အပြည့်အဝ ဆုပ်မိရန်အတွက် အာဗြဟံ ဇာတ်ကြောင်းများ အတွင်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးသည့် ပဓာန အာဘော် လေးခု အောက်တွင် အဆိုပါ ကိစ္စရပ်များကို လေ့လာ ဖော်ထုတ်ခြင်းက အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်၊ အာဗြဟံ၏ သစ္စာရှိမှု၊ အာဗြဟံသို့ ပေးတော်မူသော ဘုရားသခင့် ကောင်းချီးမင်္ဂလာများ နှင့် အာဗြဟံအားဖြင့် စီးဆင်းသော ဘုရားသခင့် ကောင်းချီးမင်္ဂလာများ ဟူသော ကမ္ဘာဦးကျမ်းလာ ပဓာန အာဘော် လေးခုကို ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်ကြောင်း သင် ပြန်အမှတ်ရပါလိမ့်မည်။ အာဗြဟံနှင့် ခရစ်တော်တို့အကြား ရှိနေသော ဆက်သွယ်မှုများအရ အဆိုပါ အာဘော်များကို ကျွန်ုပ်တို့ မည်သို့ နားလည်သင့်ကြပါသနည်း။

## ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော်

ပထမအားဖြင့် အာဗြဟံ၏ ဘဝ၌ ဘုရားသခင်သည် ကျေးဇူးများစွာကို ထင်ရှားဖော်ပြခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ ဟုတ်ပါသည်။ အာဗြဟံသည်လည်း အပြစ်သားတစ်ဦး ဖြစ်သည့်အလျောက် တစ်ကိုယ်ရည်အတွက် ကျေးဇူးတော်ကို သူလိုအပ်ခဲ့ပါလိမ့်မည်။ သို့သော် ထို့ထက်မက အာဗြဟံသို့ ဘုရားသခင်ပြတော်မူသော သနားခြင်း ကရုဏာသည် ဘုရားသခင်၏ သနားကြင်နာတတ်ခြင်းကို လက်တွေ့ကျကျ မြင်တွေ့စေသည့် ပြကွက်လည်း ဖြစ်ခဲ့သည်။ အာဗြဟံနှင့် ရင်းနှီးဆက်နွယ်မှုကို တည်ဆောက်ခြင်းဖြင့် ဘုရားသခင်သည် ဧကန်စင်စစ် ကမ္ဘာလောက တစ်ခွင်လုံး၏ ရွေးနှုတ်ကယ်တင်ခြင်းကို ထောက်ကူခဲ့သည်။

ယခုတွင် အာဗြဟံ၏ ဘဝ၌ ဘုရားသခင်က ကြင်နာသနားမှု ပြခဲ့သော်ငြား လူမျိုးစုခေါင်းဆောင်သို့ ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော်သည် ခရစ်တော်၌ ဘုရားသခင်ပြတော်မူခဲ့သော ကရုဏာ အရိပ်အခြည်ထက် မဆိုစလောက် ပိုသည်ဆိုရုံမျှသာ ဖြစ်ကြောင်း ကျွန်ုပ်တို့ ခရစ်ယာန်များ ယုံကြည်ကြသည်။ ဟုတ်ပါသည်။ ခရစ်တော်သည် အပြစ်ကင်းသူ ဖြစ်သောကြောင့် သူကိုယ်တိုင်အတွက် ကယ်တင်ခြင်း ကျေးဇူးတော် ခံယူခဲ့ရခြင်း မရှိပါ။ သို့သော်လည်း အာဗြဟံ၏ အမျိုးအနွယ်တော်အဖြစ် ခရစ်တော်ကြွလာခြင်းသည် လောကကမ္ဘာသို့ ဘုရားသခင် လက်တွေ့ကျကျ ပြတော်မူသော ကြီးမြတ်သည့် ကရုဏာပြချက် ဖြစ်နေဆဲပါပေ။

ဘုရားသခင်သည် ခရစ်တော်၏ ပထမကြွလာခြင်းတည်း ဟူသော နိုင်ငံတော် အစပြုခြင်း၌ ကရုဏာများစွာ ပြသခဲ့သည်။ သူ၏ သက်တော်စဉ်၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်တက်ကြွခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းခြင်းတို့သည် ဘုရားသခင့် ကျေးဇူးတော်၏ အံ့ချီးဖွယ်ရာ ပြသချက်များ ဖြစ်ကြသည်။ ထို့ပြင် ခရစ်တော်သည် ကောင်းကင်၌ ယခုပင် စိုးစံနေသည်နှင့်အမျှ ဘုရားသခင်သည်လည်း သူ၏ နိုင်ငံတော် ဆက်လက် ဖြစ်ပေါ်နေစဉ်အတွင်း ကရုဏာတော်ကို ပိုမို၍ပင် တိုးချဲ့ရောက်ရှိနေစေလျက် ရှိနေသည်။ လောကီကမ္ဘာတစ်လွှား ကယ်တင်ခြင်း ဖြန့်ကျက်သွားပြီးသည်နှင့် အမျှ ဘုရားသခင်သည်လည်း

ခရစ်တော်၌ ဖွင့်လှစ်ဖော်ပြထားသော ကရုဏာတော်ကို သမိုင်းတလျှောက် မငြင်းနိုင်သော ကမ္ဘာ့အသွင်သဏ္ဍာန် ပြောင်းလဲမှုအားဖြင့် ထင်ရှားပြသခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ခရစ်တော် ပြန်ကြွလာချိန် ဖြစ်ပေါ်မည့် နိုင်ငံတော် အဆုံးသတ် ပြီးပြည့်စုံခြင်းက အတိုင်းအဆမဲ့ ကရုဏာတော်ကို ဆောင်ကြဉ်းပေးလိမ့်မည် ဖြစ်သည်။ ခရစ်တော်သည်လည်း တဖန် ပြန်ကြွလာပြီး ကောင်းကင်သစ်၊ မြေကြီးသစ်ကို ဆောင်ယူပေးမည် ဖြစ်သည်။ အာဗြဟံ ဇာတ်ကြောင်းများအတွင်း ဘုရားသခင် သနားကြင်နာမှု ပြသည်ကို တွေ့သည့်အခါတိုင်း ခရစ်တော်၌ သူ၏ နိုင်ငံတော် အဆင့်သုံးဆင့်အတွင်း ဘုရားသခင် ဖွင့်လှစ်ဖော်ပြသည့် ကရုဏာတော်အပေါ် ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များ အနေဖြင့် စိတ်ညွတ်သင့်ကြသည်။

## အာဗြဟံ၏ သစ္စာရှိမှု

ဒုတိယအားဖြင့် အာဗြဟံ ဘဝဇာတ်ကြောင်း ဆိုင်ရာ မောရှေ တင်ပြချက်၏ နောက်ထပ် အရေးကြီး အာဘော်တစ်ခုမှာ အာဗြဟံ ၏ သစ္စာရှိမှု ဖြစ်သည်။ အစပထမတွင် ကတိတော်နယ်မြေသို့ ပြောင်းရွှေ့အခြေချရန် တာဝန်ကို အာဗြဟံ ဖြည့်ဆည်းဖို့ ဘုရားသခင် တောင်းဆိုခဲ့သည်။ သို့သော် အာဗြဟံ ဘဝတလျှောက် အခြားသော အရာများစွာကိုလည်း ဘုရားသခင် တောင်းဆိုခဲ့သည်။ အာဗြဟံ ရင်ဆိုင်ရသော တာဝန်ဝတ္တရားများ အကြောင်း ကျွန်ုပ်တို့ ခရစ်ယာန်များ ဖတ်မိကြသောအခါ အာဗြဟံ၏ အမျိုးအနွယ်တော်ဖြစ်သော ခရစ်တော်ဆီသို့၎င်း၊ ကောင်းကင်ဘုံရှင် ခမည်းတော် ဘုရားအပေါ် သူ၏ သစ္စာစောင့်သိမှုဆီသို့၎င်း ကျွန်ုပ်တို့ စိတ်ရောက်သွားကြဖို့ လိုပါသည်။

ဟုတ်ပါသည်။ ခရစ်တော်သည် သူ၏ နိုင်ငံတော် အဆင့် သုံးဆင့် စလုံးတွင် ခမည်းတော်အပေါ် သစ္စာစောင့်သိခဲ့ပါသည်။ သစ္စာစောင့်သိ ရှိသေရန် ဘုရားသခင့် တောင်းဆိုချက်များ အပေါ် လုံးလုံးလျားလျား သစ္စာစောင့်ခဲ့ကြောင်း ခရစ်တော်ကိုယ်တိုင် နိုင်ငံတော် အစပြုခြင်း၌ သက်သေပြခဲ့သည်။ အလွန်ပင် လေးနက်ထူးခြားသော ပုံစံများဖြင့် ဘုရားသခင်အပေါ် အာဗြဟံ သစ္စာရှိခဲ့သော်လည်း ခရစ်တော်မူကား ကိုယ်တော်၏ အသက်တာ အချိန် တခဏတိုင်း၌ ပြည့်ဝစုံလင်စွာ သစ္စာစောင့်ခဲ့သည်။ ထို့မျှမက နိုင်ငံတော်ကို ဆက်လက်လုပ်ဆောင်နေစဉ် အတောအတွင်း အရာရာကို အုပ်စိုးသော ရှင်ဘုရင် အဖြစ် ခရစ်တော်သည် သူ၏ ကောင်းကင်ဘုံရှင် အဖအပေါ် သစ္စာစောင့်သိ ဝန်ခံနေဆဲ ဖြစ်သည်။ ကိုယ်တော်သည် ဘုရားသခင်၏ ရည်ရွယ်ချက်များ ပြီးမြောက်အောင် စုံလင်စွာ အလုပ်အကြွေးပြုရင်း သတင်းကောင်း တိုးတက်ဖြန့်ဝေခြင်းနှင့် သူ့လူတို့အား ရွေးနှုတ်ခြင်းတို့ဖြင့် အရာရာအပေါ် အုပ်စိုးလျက် ရှိသည်။

အဆုံးသတ်အားဖြင့် နိုင်ငံတော် ပြီးပြည့်စုံသည့်ကာလ ခရစ်တော် ပြန်ကြွလာချိန်တွင် မြေကြီးပေါ် လူ့ဇာတိ၌ မိမိ အစပြုခဲ့သော ဖြောင့်မတ်ခြင်းဆိုင်ရာ အမှုများကို ကိုယ်တော် ပြီးဆုံးစေလိမ့်မည် ဖြစ်သည်။ ဘုရားသခင့် ရန်မာန် ရှိသမျှကိုလည်း ကိုယ်တော် ဖျက်ဆီးတော်မူ၍ သူ့ ခမည်းတော်၏ ဘုန်းအသရေအတွက် အရာရာကို အသစ်ဖန်ဆင်းမည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင့်အပေါ် အာဗြဟံ၏ သစ္စာစောင့်သိခြင်း အာဘော်ကို ကျွန်ုပ်တို့ တွေ့သည့်အခါတိုင်း ထိုအရာတို့နှင့် အာဗြဟံ အမျိုးအနွယ် ဖြစ်သော ခရစ်တော်အား လျောက်ပတ်စွာ ဆက်စပ်မှသာလျှင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုအရာတို့အား ယနေ့ခေတ်အတွက် လျော်ကန်ပတ်စွာ လက်တွေ့အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ခရစ်ယာန်များ သိကြသည်။

## အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ

တတိယအနေဖြင့် ခရစ်တော်၌ ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော်နှင့် လူ၏ သစ္စာစောင့်သိမှု အာဘော်တို့ ယနေ့ခေတ်နှင့် မည်သို့ ပတ်သက် စပ်ဆိုင်နေသည်ကို ရှုမြင်ရာ၌ ကျွန်ုပ်တို့ ခရစ်ယာန်များ စိတ်ဝင်စားသည်သာမက အာဗြဟံသို့ ဘုရားသခင် ပြုတော်မူသော ကောင်းချီးမင်္ဂလာများ အကြောင်းတည်းဟူသော အာဗြဟံ ဘဝဇာတ်ကြောင်း၏ တတိယမြောက် အာဘော်ကိုပါ စိတ်ဝင်စားမှု ထက်သန်ကြပါသည်။

ဣသရေလသည် ကြီးမြတ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည့်အကြောင်း၊ အဆိုပါ ကောင်းစားကြွယ်ဝမှုသည် ကတိတော်နယ်မြေအတွင်းရှိ နိုင်ငံအပေါ် သက်ရောက်လာမည့် အကြောင်း၊ အာဗြဟံနှင့် ဣသရေလတို့သည်လည်း ကမ္ဘာတလွှား အကြီးအကျယ် ဂုဏ်ရှိန်မြင့်မည့်အကြောင်း အာဗြဟံသို့ ဘုရားသခင် မိန့်တော်မူခဲ့သည်။

ယခုတွင် တဖန် ပြန်၍ ကျွန်ုပ်တို့ ခရစ်ယာန်များ အနေဖြင့် အာဗြဟံ၏ အမျိုးအနွယ် ခရစ်တော်ထံ ဘုရားသခင် ပေးတော်မူသော ကောင်းချီးများအကြောင်း စဉ်းစားရန် အချိန်တန်ပြီ ဖြစ်ပါသည်။ ခရစ်တော် ပထမကြွလာခြင်း၌ ကိုယ်တော်သည် သေသောသူတို့ထဲမှ ရှင်ပြန်ထမြောက်တော်မူခဲ့ပြီး ကောင်းကင်အောက် မြေကြီးပေါ်မှ ရှိရှိသမျှ အခွင့်အာဏာမှန်သမျှကို လက်ခံရရှိခဲ့သည်။ ယေရှုနာမကဲ့သို့ ကြီးမြတ်သော အခြားသော နာမဟူသည် ကောင်းကင်အောက် မြေကြီးပေါ်မှာ မရှိပါ။ နိုင်ငံတော်ကို ဆက်လက်ဖြစ်ပေါ်နေစေသည့် အတောအတွင်း ကောင်းချီးများကိုလည်း တနေ့ထက် တနေ့ တိုးတက်၍ ယေရှုက ဆက်လက်ခံယူလျက်ရှိသည်။ ဘုရားသခင်၏ အလိုတော် အတိုင်း ကမ္ဘာကို အုပ်စိုးရင်း သူ့အဖို့ ဘုန်းအသရေကိုလည်း တိုး၍ တိုး၍ ခံယူရရှိလျက် ရှိသည်။ သို့သော် နိုင်ငံတော် ပြီးပြည့်စုံချိန် ဘုန်းအသရေ၌ ခရစ်တော် ပြန်ကြွလာသည့်အခါ ကိုယ်တော်သည် အဆိုပါ ကောင်းချီးမင်္ဂလာတို့ကို အတိုင်းအဆမဲ့ ခံယူပါလိမ့်မည်။ အရာရာ ရှိသမျှ၏ အထက်တွင် ချီးမြှောက်ခြင်းကိုခံတော်မူပြီး လူတိုင်း အာဗြဟံ၏ ကြီးမြတ်သော သားတော်ရှေ့မှောက်တွင် ဒူးထောက်ကြရမည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင့်ထံတော်မှ ကောင်းချီးမင်္ဂလာများအား လက်ခံရယူနေသော အာဗြဟံကို ကျွန်ုပ်တို့ တွေ့သည့်အခါတိုင်း အာဗြဟံသို့ ပြုထားသော ကတိတော်များကို အမွေခံပြီး ဘုရားသခင့် ကောင်းချီးများအားလည်း ပိုမိုကြီးမားသော အတိုင်းအဆဖြင့် ခံယူရရှိနေသည့် ခရစ်တော်ကို ကျွန်ုပ်တို့ မြင်တတ်ဖို့ လိုအပ်ပါသည်။

## အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ

အဆုံးသတ်အားဖြင့် အာဗြဟံ ဘဝဇာတ်ကြောင်းအတွင်း စတုတ္ထမြောက် အာဘော်သည် အာဗြဟံအားဖြင့် အခြားသူများဆီသို့ စီးဆင်းသော ကောင်းချီးမင်္ဂလာများအကြောင်း ဖြစ်သည်။ ကောင်းချီးပေးခြင်းနှင့် ကျိန်ဆဲခြင်း ဖြစ်စဉ်အားဖြင့် မြေကြီးပေါ်က လူမျိုးအပေါင်းသည် အာဗြဟံအားဖြင့် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ဘုရားသခင် မိန့်တော်မူခဲ့သည်။ ဤ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခမ်းနားထယ်ဝါသော ကတိတော်သည် ဓမ္မသစ်၌ အဓိကအလေးပေးထားသည့် စူးစိုက်ချက် ဖြစ်သည်။ ရောမ ၄း၁၃ ၌ အာဗြဟံသို့ ပေးသော ဤကတိတော်ကို ပေါလု ကိုးကားသည့် ပုံစံအား နားထောင်ကြည့်ပါ။ ထိုနေရာတွင် သူပြောထားသည်မှာ

> ထိုမှတပါး ဤလောကကို အမွေခံစေမည်ဟု ကတိတော်ကို အာဗြဟံမှ စသော သူ၏ အမျိုးအနွယ်တို့သည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်။ ယုံကြည်ခြင်း၏ ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏ (ရောမ ၄း၁၃)။

အာဗြဟံသည် လူမျိုးအပေါင်းကို ကောင်းချီးပေးလိမ့်မည်ဟု သူ့အား ဘုရားသခင် ကတိထားတော်မူသည့်အခါ ဤအမှုသည် တိုင်းနိုင်ငံရှိသမျှကို အာဗြဟံ ပိုင်ဆိုင်ပြီး မြေတပြင်လုံးသို့ ဘုရားသခင့် နိုင်ငံတော်ကို ဖြန့်ကျက်ခြင်းအားဖြင့် ရောက်လာမည်ဟု ကတိထားခဲ့ခြင်း ဖြစ်ကြောင်း ဤနေရာ၌ မှတ်သားကြရပါမည်။ အာဗြဟံနှင့် သူ၏ သားမြေးတို့သည် တိုင်းနိုင်ငံရှိသမျှကို ဦးဆောင်ရင်း လောကကမ္ဘာတစ်ခုလုံး၏ အမွေခံများ ဖြစ်ရန် ရှိခဲ့ကြသည်။ မြေတပြင်လုံးကို ထိန်းချုပ်ကြရန် မူလအစ၌ အာဒံနှင့် ဧဝတို့အား မိန့်တော်မူခဲ့သည့်အတိုင်း အာဗြဟံနှင့် သူ့ သားမြေးတို့သည်လည်း တိုင်းနိုင်ငံတိုင်း၏ လူမျိုးရှိသမျှသို့ ဘုရားသခင့် ကောင်းချီးများကို ဖြန့်ကျက်ခြင်းဖြင့် မြေတပြင်လုံးကို အမွေခံကြမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူခဲ့သည်။

ယခုတွင် အာဗြဟံ၏ ကောင်းချီးများအား ကမ္ဘာတလွှား ဖြန့်ဝေခြင်း ဆိုသည့် နောက်ဆုံး အာဘော်သည် ခရစ်တော်နှင့် လည်း ဆက်စပ်အကျုံးဝင်သည်။ အကြောင်းမှာ ကိုယ်တော်သည် အာဗြဟံ၏ အမျိုးအနွယ်တော် ဖြစ်ရုံမက အာဗြဟံသို့ပေးသော ကတိတော်ကို အမွေခံသူလည်း ဖြစ်သောကြောင့်ပေတည်း။ နိုင်ငံတော် အစပြုခြင်း၌ ဣသရေလ လူမျိုးတော်ထဲမှ သစ္စာရှိသူတို့ကို ခရစ်တော် ခေါ်တော်မူခဲ့သည်။ သို့သော် သေသောသူတို့အထဲမှ ကိုယ်တော် ထမြောက်ပြီး ကောင်းကင်ပလ္လင်သို့ တက်ကြွတော်မူခဲ့စဉ်က မြေတပြင်လုံးကို အုပ်စိုးသော ရှင်ဘုရင်အဖြစ် ထမြောက်ခံတော်မူခဲ့ခြင်းဖြစ်ပြီး လောကီနိုင်ငံရှိသမျှသို့ ဣသရေလ၏ ကောင်းချီးများကို ပျံ့နှံ့စေမည့်အကြောင်း သူ၏ သစ္စာရှိ လူမျိုးတော် အကြွင်းအကျန်အား မှာကြားခဲ့သည်။ နိုင်ငံတော် ဆက်လက်ဖြစ်ပေါ်နေချိန်အတွင်း သတင်းကောင်း အားဖြင့် လောကီနိုင်ငံရှိသမျှအပေါ် ခရစ်တော်၏ အုပ်စိုးမှု ပျံ့နှံ့ဖြန့်ကျက်လာခြင်းသည် တိုင်းနိုင်ငံအပေါင်း ကောင်းချီးခံစားရမည့်အကြောင်း အာဗြဟံသို့ ထားတော်မူသော ကတိတော်၏ ပြည့်စုံမှုပင် ဖြစ်သည်။ ထို့အပြင် နိုင်ငံတော် ပြီးပြည့်စုံချိန် ခရစ်တော် ပြန်ကြွလာသည့်အခါ ကိုယ်တော်သည် ဘုရားသခင့်ကောင်းချီးများအား မြေတပြင်လုံးရှိ လူမျိုးအပေါင်းတို့ထံ တိုးတက်ရောက်ရှိစေမှာ ဖြစ်သည်။ ဗျာဒိတ် ၂၂း၁-၂ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> တဖန် ကျောက်သလင်းကဲ့သို့ ကြည်လင်၍ ဘုရားသခင်နှင့် သိုးသူငယ် ၏ ပလ္လင်တော်ထဲက ထွက်သော အသက်ရေ စီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အား ပြလေ၏။ မြို့လမ်းမ အလယ်၌၎င်း၊ ထိုမြစ်နှစ်ဘက်၌၎င်းအသက်ပင် ရှိ၏။ ထိုအသက်ပင်သည် အသီးတဆယ့်နှစ်မျိုးကို သီးတတ်၏။ မိမိအသီးကိုလည်း လတိုင်း ပေးတတ်၏။ အရွက်သည်လည်း လူအမျိုးမျိုးတို့၏ အနာရောဂါငြိမ်းစရာဘို့ ဖြစ်၏ (ဗျာဒိတ် ၂၂း၁-၂)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာဗြဟံသည် လူမျိုးအပေါင်းအတွက် ကောင်းချီးမင်္ဂလာ ဖြစ်လိမ့်မည် ဆိုသည့် ကတိတော်သည် အဆုံးသတ်အားဖြင့် ခရစ်တော်၏ နိုင်ငံတော် အစပြုခြင်း၊ ဆက်လက်ဖြစ်ပေါ် ခြင်းနှင့် ပြည့်စုံပြီးမြောက်ခြင်းတို့၌ ပြည့်စုံခြင်းသို့ ရောက်ရှိသည်။

သို့ဖြစ်၍ အကြောင်းအရာကို ဤသို့ ကျွန်ုပ်တို့ အကျဉ်းချုပ်နိုင်ပါသည်။ အာဗြဟံ ဘဝဇာတ်ကြောင်းမှ ယနေ့ကျွန်ုပ်တို့ ခေတ်အတွက် လျောက်ပတ်သည့် လက်တွေ့အသုံးပြုချက် ထုတ်ယူမည် ဆိုလျှင် ခရစ်တော်နှင့် ဆိုင်သောကဏ္ဍသည် အာဗြဟံ၏ အမျိုးအနွယ် ကဏ္ဍဖြစ်ကြောင်း အနည်းဆုံး သွယ်ဝိုက် သိမှတ်ထားရန် လိုပါသည်။ အာဗြဟံ၏ သီးသန့် အမျိုးအနွယ်ဖြစ်သော ခရစ်တော်သည် အာဗြဟံ ဘဝဇာတ်ကြောင်းထဲ ကျွန်ုပ်တို့တွေ့ကြုံရသော အာဘော်များကို ဖြည့်ဆည်းပေးသူ (ဝါ) ပြီးမြောက်စေသူပင် ဖြစ်သည်။ ခရစ်တော်၌ ဘုရားသခင့် ကရုဏာတော်ကို ထင်ရှား ဖော်ပြထားသည်။ စစ်မှန်ပြီး ပြည့်စုံသည့် သစ္စာစောင့်သိမှုကိုလည်း ခရစ်တော်၌သာ တွေ့ရသည်။ ခရစ်တော်သည် အာဗြဟံသို့ ကတိထားတော်မူသော ကောင်းချီးရှိသမျှကို ခံယူရရှိသည်။ မြေကြီးစွန်းတိုင်အောင် အာဗြဟံ၏ ကြွယ်ဝသည့် ကောင်းချီးများ ပျံ့နှံ့ဖြန့်ကျက်သွားသည်ကိုလည်း ခရစ်တော်၌သာ ကျွန်ုပ်တို့ တွေ့ရသည်။ ယနေ့ခေတ် လက်တွေ့အသုံးပြုချက်အတွက် ကျွန်ုပ်တို့ ပြောနိုင်တာတွေ ဘယ်လောက်ပဲ ရှိရှိ၊ မရှိမဖြစ်သည်မှာ အာဗြဟံနှင့် ယေရှုအကြား ရှိနေသည့် အဆိုပါ ဆက်နွယ်မှုများအကြောင်း ကျွန်ုပ်တို့ စွဲမှတ်ထားရန် ဖြစ်သည်။

ယခုတွင် အာဗြဟံနှင့် ယေရှုအကြား ဆက်နွယ်မှုက အာဗြဟံ အဖြစ်အပျက်များနှင့် ကျွန်ုပ်တို့ ခေတ်လောကကြီးအကြား အရေးကြီးသည့် ဆက်သွယ်မှုအား မည်သို့ ဖြစ်ထွန်းစေသည်ကို ကျွန်ုပ်တို့ တွေ့ပြီးဖြစ်ရကား ယနေ့ခေတ်အတွက် လက်တွေ့အသုံးပြုချက်ဆိုင်ရာ ဒုတိယ ရှုထောင့်တည်းဟူသော ဣသရေလနှင့် အသင်းတော်အကြား ဆက်နွယ်မှုအကြောင်းဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

# ဣသရေလ နှင့် အသင်းတော်

အာဗြဟံ ဘဝဇာတ်ကြောင်းကို အစပထမ မောရှေ စီကုံးဖွဲ့နွဲ့စဉ်က အဲဂုတ္တုကို နောက်ချန်ထားခဲ့ပြီး ကတိတော်နယ်မြေသိမ်း အောင်ပွဲဆီ ဝင်ကြဖို့ ဣသရေလတို့ကို အားပေးရန် ရည်ရွယ်ချက်ဖြင့် ထိုအရာများအား ရေးသားခဲ့ကြောင်း ကျွန်ုပ်တို့ အမြဲတန်း စွဲမြဲနေဖို့ လိုပါသည်။ အာဗြဟံ ဘဝဇာတ်ကြောင်းအတွင်း အဆိုပါ ရှုပါရုံ၏ နောက်ခံသမိုင်းကို သူတို့ရှာတွေ့ရန် ရှိခဲ့သည်။ အာဗြဟံ ဘဝ အဖြစ်အပျက်များအတွင်း လိုက်နာရန်နှင့် ငြင်းပယ်ရန် ပုံသာဓကများကို ရှာတွေ့ခြင်းဖြင့် သူတို့သည် ၎င်းတို့၏ ရှုပါရုံကို ပြီးမြောက်ဖို့ ရှိခဲ့သည်။ ဤအကြောင်းကြောင့်ပင် ယနေ့ခေတ် လောကကြီးအတွက် အာဗြဟံ ဘဝဇာတ်ကြောင်း အဖြစ်အပျက်များက မည်သို့ လက်တွေ့ သက်ဆိုင်မှု ရှိသည်ကို ကျွန်ုပ်တို့ လေ့လာမည် ဆိုပါက မောရှေနောက်သို့ လိုက်နေသည့် ဣသရေလ နိုင်ငံနှင့် ယနေ့ခေတ် ခရစ်ယာန် အသင်းတော်တို့အကြား ဆက်သွယ်မှုများ အကြောင်း ဓမ္မသစ်ကျမ်းက မည်သို့ သွန်သင်ထားသည်ကို ကျွန်ုပ်တို့ မဖြစ်မနေ ထည့်စဉ်းစားရန် လိုပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလနှင့် အသင်းတော်တို့အကြား ဆက်နွယ်မှုကို လေ့လာဖော်ထုတ်ရန်အတွက် ကျွန်ုပ်တို့၏ ပြီးခဲ့သည့် ဆွေးနွေးမှုမျိုးနှင့် အလားတူသည့် ခေါင်းစဉ် နှစ်ခုကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ပထမဦးစွာ ဣသရေလလူမျိုးနှင့်သာမက အသင်းတော်နှင့်ပါ စပ်လျဉ်းသက်ဆိုင်မှု ရှိသည့် အာဗြဟံ၏ အမျိုးအနွယ်တော် အာဘော်ကို ကျွန်ုပ်တို့ ရှေ့ဆက် လေ့လာဖော်ထုတ်ကြပါမည်။ ဒုတိယအားဖြင့် အာဗြဟံ၏ အမျိုးအနွယ်တော် အာဘော်အား အာဗြဟံ၏ ဘဝဇာတ်ကြောင်းထဲက အဓိက အာဘော်လေးခုအတွင်း မည်သို့ ဖော်ပြထားသည်ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ ဣသရေလလူမျိုးကိုရော အသင်းတော်ကိုပါ အာဗြဟံ၏ အမျိုးအနွယ်အဖြစ် ကြည့်ကြပါစို့။

# အာဗြဟံ၏ အမျိုးအနွယ်တော်

အာဗြဟံ၏ အမျိုးအနွယ် ဖြစ်ခြင်းသဘောအရ ဣသရေလနှင့် အသင်းတော်တို့အကြား ဆက်သွယ်မှုများ ရှိနေသည်ကို မြင်နိုင်ရန်အတွက် ကိစ္စရပ်လေးခုကို ကျွန်ုပ်တို့ အတိုချုံး လေ့လာကြပါမည်။ ပထမဦးစွာ အာဗြဟံ အမျိုးအနွယ်၏ အရေအတွက်အားဖြင့် ကြီးမားကျယ်ပြန့်လာမှုကို ကျွန်ုပ်တို့ လေ့လာကြမည်။ ဒုတိယအားဖြင့် အာဗြဟံ အမျိုးအနွယ်၏ လူမျိုးသည် မည်သည့်လူမျိုးနွယ်စု ဖြစ်သည်ကို သတိပြုမှတ်သားကြပါမည်။ တတိယအားဖြင့် အာဗြဟံ အမျိုးအနွယ်၏ ဝိညဉ် စရိုက် လက္ခဏာအပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ စတုတ္ထအားဖြင့် အာဗြဟံ အမျိုးအနွယ်၏ သမိုင်းကြောင်း အခြေအနေကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ အာဗြဟံ အမျိုးအနွယ်၏ အရေအတွက် ကြီးမားကျယ်ပြန့်လာမှုကို ဦးစွာ စဉ်းစားကြပါစို့။

## အရေအတွက် ကြီးမားကျယ်ပြန့်မှု

ယခု ကျွန်ုပ်တို့ လောလောလတ်လတ် တွေ့ခဲ့ပြီးဖြစ်သည်နှင့်အညီ "အာဗြဟံ၏ အမျိုးအနွယ်" ဟူသောဝေါဟာရသည် အခြေအနေ အခွင့်သင့်တိုင်း ဣဇာက်တည်းဟူသော အထူး သီးသန့်ပုဂ္ဂိုလ် တစ်ဦးကို ရည်ညွှန်းခဲ့ကြောင်း ကမ္ဘာဦးကျမ်းက ရှင်းရှင်းပြဆိုထားသည်။ ဓမ္မသစ်ကျမ်းကလည်း အာဗြဟံနှင့် ခရစ်တော်တို့အကြား ဆက်သွယ်မှုကို ထူထောင်ရန် ဤအချက်အား အရင်းအမြစ်အဖြစ် သုံးထားသည်။ သို့သော် အာဗြဟံ၏ အမျိုးအနွယ်အပေါ် သမ္မာကျမ်းရှုမြင်ချက်၏ နောက်ထပ် သွင်ပြင်လက္ခဏာတစ်ခုကို တွေ့နိုင်ရန် ကျွန်ုပ်တို့၏ အမြင်ကို ယခု တိုးတက်ချဲ့ထွင်ရပါမည်။ ဣဇာက်သည် အာဗြဟံ ဘဝအဖြစ်အပျက်များအတွင်း အာဗြဟံ၏ အမျိုးအနွယ် (ဝါ) သားမြေးဟု ခေါ် ခံရသည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်တော့ မဟုတ်ခဲ့ပါ။ ဣဇာက်သည် အာဗြဟံ၏ အမွေကို သူတစ်ဦးတည်း သက်သက်အတွက် မရရှိခဲ့ပါ။ အာဗြဟံ၏ သားမြေးဖြစ်ခြင်း ဂုဏ်ရည်ကို အများသောသူတို့ ခံစားပိုင်ဆိုင်နိုင်ရန် အတွက် သူကိုယ်တိုင်သည်လည်း သွယ်မြောင်းတစ်ခု ဖြစ်ခဲ့သည်။ ဤအကြောင်းကြောင့်ပင် မောရှေက ဣသရေလတိုင်းနိုင်ငံအား အာဗြဟံ၏ အမျိုးအနွယ်အဖြစ် အကြိမ်ကြိမ် ပြောဆိုရည်ညွှန်းခဲ့ခြင်း ဖြစ်သည်။ များစွာ အလားတူပင် ယနေ့ခေတ်အတွက် အာဗြဟံ ဘဝ အဖြစ်အပျက်တို့ကို လက်တွေ့အသုံးပြုရာ၌ အာဗြဟံ၏ အမြင့်ဆုံးသော အမျိုးအနွယ်တော် ဆိုသည်မှာ ဓမ္မသစ်ကာလအဖို့ ခရစ်တော် ဖြစ်ကြောင်း စွဲမှတ်ရန် အရေးကြီးသော်ငြား ခရစ်ယာန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသင်းတော်သည်လည်း အာဗြဟံ၏ အမျိုးအနွယ်တော် ဖြစ်ကြောင်း ကျွန်ုပ်တို့ စွဲမှတ်ထားရန် အရေးကြီးပါသည်။ ဂလာတိ ၃း၂၉ တွင် ရှင်ပေါလု ရေးထားသည်မှာ

> (သင်တို့သည်) ခရစ်တော်နှင့် စပ်ဆိုင်လျှင် အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်း အမွေခံ၏ အရာ၌ တည်ကြ၏ (ဂလာတိ ၃း၂၉)။

ဤကျမ်းပိုဒ်ထဲတွင် ရှင်ပေါလု ရှင်းပြထားသည်နှင့် အညီ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် နွယ်ဆက်ထားသူများ ဖြစ်သောကြောင့် အာဗြဟံနှင့်ပါ နွယ်ဆက်ထားသူများ ဖြစ်ကြသည်။ ဓမ္မဟောင်း ဣသရေလနိုင်ငံလိုပင် ကျွန်ုပ်တို့သည်လည်း အာဗြဟံ၏ အမျိုးအနွယ်တော်ဖြစ်ကြသည်။ ဤအကြောင်းကြောင့်ပင် အာဗြဟံ၏ ဘဝအဖြစ်အပျက်တို့သည် ခရစ်တော် တပါးတည်းနှင့်သာ အကျုံးဝင် စပ်ဆိုင်နေသည် မဟုတ်ဘဲ အသင်းတော်အတွင်း ကိုယ်တော်နှင့် တသားတကိုယ်တည်း ရှိနေကြသည့် များစွာသော အာဗြဟံ၏ သားသမီးထုကြီးနှင့်ပါ စပ်ဆိုင်ပတ်သက်မှု ရှိနေရသည်။

## လူမျိုးဆိုင်ရာ ထပ်တူညီမှု

ယခုတွင် အာဗြဟံ၏ အမျိုးအနွယ်တော်သည် ဓမ္မဟောင်း ဣသရေလနှင့် ခရစ်ယာန် အသင်းတော်ကို ရည်ညွှန်းခဲ့သည် ဆိုသည့် အချက်သာမက ဓမ္မဟောင်းနှင့် ဓမ္မသစ် နှစ်ခုလုံး၌ အာဗြဟံ၏ အမျိုးအနွယ်တော်ဟူသည် မည်သည့် လူမျိုးကို ဆိုလိုကြောင်း ကျွန်ုပ်တို့ ဝေဖန် သုံးသပ်ကြရန်လည်း ရှိပါသည်။ ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးသည့်အတိုင်း အာဗြဟံ ဘဝ အဖြစ်အပျက်များအား မောရှေနောက်သို့ လိုက်ခဲ့ကြသည့် ဣသရေလလူမျိုးများအတွက် မူလပထမ ဦးတည်ရေးသားခဲ့သည်။ မူလ ပရိသတ်ထုကြီးတွင် အာဗြဟံ၏ အသွေးအသား သားမြေး ဂျူးလူမျိုး အများဆုံး ပါဝင်ခဲ့မည်မှာ သေချာသော်လည်း အဆိုပါ မူလ ပရိသတ်တစ်ခုလုံး လုံးလုံးလျားလျား ဂျူးသက်သက်သာ ဖြစ်ခဲ့မည်ဟု ထင်လျှင် မှားနိုင်ပါသည်။ မောရှေနောက်သို့ လိုက်နေခဲ့သည့် ပရိသတ်ထုကြီးတွင် ဂျူးများသာမက ဣသရေလလူမျိုးအဖြစ် မွေးစားခံရသူ တပါးအမျိုးသားများပါ ရောနှောပါဝင်နေခဲ့သည်။ ရလာဒ်အားဖြင့် ကမ္ဘာဦးကျမ်းဖတ် ပရိသတ်သည် ဂျူးသီးသန့် မဟုတ်ကြောင်း ကျမ်းစာက အခါများစွာ ရှင်းရှင်းပြဆိုထားသည်။

သာဓကအားဖြင့် ထွက်မြောက်ရာကျမ်း၁၂း၃၈တွင် မောရှေနောက်သို့ လိုက်နေခဲ့သူများအကြောင်း ဖော်ပြပုံကို နားထောင်ကြည့်ပါ။

> အမျိုးမျိုးသော လူအများတို့သည်လည်း သိုးနွား အစရှိသော များစွာသော တိရစ္ဆာန်တို့နှင့်တကွ လိုက်ကြ၏ (ထွက် ၁၂း၃၈)။

ဤနေရာတွင် ဣသရေလလူမျိုးများအကြား လိုက်ပါလာသူများမှာ "အခြားလူမျိုးများ" ဖြစ်ကြောင်း သတိပြုကြရပါမည်။ ဤလူသိုက်ကြီးထဲတွင် ဣသရေလလူတို့နှင့် ပေါင်းမိပြီးနောက် ၎င်းတို့နှင့်အတူ အဲဂုတ္တုကို စွန့်ခွာခဲ့သော တပါးအမျိုးသားတို့ ပါဝင်ခဲ့သည်။ ဤအုပ်စုကို ကျမ်းစာထဲတွင် ကြိမ်ဖန်များစွာ ရည်ညွှန်းဖော်ပြထားသည်။ များစွာ အလားတူပင် ဓမ္မဟောင်းကျမ်း၏ နောက်ပိုင်းကဏ္ဍများတွင်လည်း ရာခပ်နှင့် ရုသတို့ကဲ့သို့ ကျော်စောထင်ရှားသည့် တပါးအမျိုးတို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ပိုင်း မျိုးဆက်၌ အပါအဝင် ဖြစ်လာကြောင်း ဖော်ပြထားသည်။ ရာဇဝင်ချုပ် ပထမစောင် အခန်းကြီး ၁ မှ ၉ ပါ ဘုရားလူတို့အကြားတွင်လည်း တပါးအမျိုးသားတို့၏ အမည်နာမများကို ထည့်သွင်းထားသည်။

ထို့ကြောင့် အာဗြဟံ၏ ဘဝ အဖြစ်အပျက်များအား မောရှေ မူလလိပ်မူရေးခဲ့သော အာဗြဟံ၏ အမျိုးအနွယ်တော်သည် လူမျိုးအရဆိုပါလျှင် လူမျိုးပေါင်းစုံ အမျိုးအနွယ်ဖြစ်ခဲ့သည်။ ၎င်းတွင် အာဗြဟံ၏ သွေးသားတော်စပ်သော သားမြေးများနှင့် ဣသရေလ လူမျိုးနွယ် မိသားစုကြီးထဲသို့ မွေးစားခံရသော တပါးအမျိုးသားများ ပါဝင်ခဲ့ကြသည်။ အာဗြဟံ၏ ဘဝ အဖြစ်အပျက်များအားဖြင့် ကတိတော်နယ်မြေ၌ ခံစားရမည့် သူတို့၏ အနာဂတ်အကြောင်း နှစ်ဖွဲ့စလုံးက လေ့လာသင်ယူခဲ့ကြသည်။

များစွာ အလားတူပင် ယနေ့ခေတ် ခရစ်ယာန် အသင်းတော်သည်လည်း လူမျိုးအရ ဆိုလျှင် အမျိုးမျိုး အဖုံဖုံ ပါနေကြသည်။ ၎င်းတွင် ခရစ်တော်ကို သခင်အဖြစ် ဝန်ခံသူ ဂျူးများ ပါရှိသလို ခရစ်တော်ကို အလားတူ သခင်အဖြစ် ဝန်ခံသောကြောင့် အာဗြဟံ၏ မိသားစုဝင်အဖြစ် မွေးစားခံရသော တပါးအမျိုးသားများလည်း ပါရှိနေသည်။ ဓမ္မသစ် အသင်းတော် ကြီးထွားမှုသည် ဘဝတွင် ဝန်ခံချက်မှန်၍ ပီတိဖြစ်ရသည့် ဂျူးများထက် မွေးစားယူသည့် တပါးအမျိုးသားများ ပါဝင်လာမှုကို သာ၍ ဖြစ်စေခဲ့ကြောင်း သမိုင်း ဖွင့်ပြချက်အပေါ် ယခု အငြင်းပွားဖွယ် မရှိပါ။ သို့သော် အာဗြဟံ အမျိုးအနွယ်တော်၏ လူမျိုးရေးရာ အသီးသီး အပြားပြား ဖြစ်မှု သဘောသည် ဓမ္မဟောင်းမှာ မှန်ကန်ခဲ့သလို ယနေ့လည်း မှန်ကန်နေဆဲ ဖြစ်သည်။ ထို့ကြောင့် အာဗြဟံ ၏ အမျိုးအနွယ်အဖြစ် မှတ်ယူထားသည့် ဂျူးများနှင့် တပါးအမျိုးသားတို့ထံ အာဗြဟံ ၏ ဘဝ အဖြစ်အပျက်များကို အစပထမ ပေးခဲ့သည့် နည်းတူ ယနေ့ ကျွန်ုပ်တို့သည်လည်း ယနေ့ အာဗြဟံ၏ အမျိုးအနွယ်အဖြစ် မှတ်ယူထားသည့် ဂျူးများနှင့် တပါးအမျိုးသားများအတွက် အာဗြဟံ ၏ ဘဝ အဖြစ်အပျက်တို့ကို လက်တွေ့အသုံးပြုရန် အဆင်သင့် ရှိကြရပါမည်။ အကြောင်းမှာ ကမ္ဘာတလွှား အသင်းတော်ထဲ၌ သူတို့ ရှိနေကြ၍ ဖြစ်ပါသည်။

ဤအချက်သည် ယနေ့ခေတ် လက်တွေ့အသုံးပြုချက်အတွက် အလွန်ပင် အရေးပါသော အမြင်တစ်ရပ် ဖြစ်သည်။ အကြောင်းမှာ အာဗြဟံသို့ ပေးသော ကတိတော်များသည် ယနေ့ခေတ် ဂျူးများအတွက်သာ အကျုံးဝင်သည် ဆိုသည့် တလွဲ သွန်သင်ချက်ကို ခရစ်ယာန် အများစုက အတည်ယူထားကြသောကြောင့် ဖြစ်သည်။ ဤ အမြင်အရ ဆိုလျှင် တပါးအမျိုးသား ယုံကြည်သူတို့အတွက် ဘုရားသခင်၌ သီးခြား အစီအစဉ် တစ်ခု ရှိနေသည့် သဘော ဖြစ်သည်။ ဝိဉာဉ် ရေး ခွန်အားယူစရာ စည်းမျဉ်း အချို့ကို နေရာတကာ တွေ့ရသည်ကလွဲ၍ တပါးအမျိုးသား ယုံကြည်သူတို့သည် အာဗြဟံသို့ပေးသော ကတိတော်၏ အမွေခံများ မဟုတ်ကြပါပေ။ ဤအမြင်သည် ရေပန်းစားသင့်သလောက် စားနိုင်သော်ငြား အာဗြဟံ၏ အမျိုးအနွယ်သည် မောရှေခေတ်မှာပင်လျှင် လူမျိုးအရ အသီးသီးအပြားပြား ဖြစ်ခဲ့ပြီး ယနေ့ခေတ် အာဗြဟံ အမျိုးအနွယ်သည်လည်း လူမျိုးအရ ဆက်လက်၍ အသီးသီးအပြားပြား ရှိနေဆဲ ဖြစ်ကြောင်း ကျွန်ုပ်တို့ အမြဲတစေ စွဲမှတ်ထားဖို့ လိုပါသည်။ သူ့နောက်သို့ လိုက်နေသော လူမျိုးတော်သို့ မောရှေ သွန်သင်ခဲ့သမျှတို့သည် ယနေ့ ဆက်လက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ပေါ်နေသည့် ထိုလူမျိုးတော်တည်း ဟူသော ယေရှုခရစ်တော်၏ အသင်းတော် အတွက် အကျုံးဝင် ပတ်သက်စပ်ဆိုင်မှု ရှိနေပါသည်။

## ဝိညာဉ် စရိုက်လက္ခဏာ

တတိယ အနေဖြင့် အာဗြဟံ ဇာတ်ကြောင်းကို ယနေ့ခေတ်အတွက် လက်တွေ့အသုံးပြုရာတွင် အာဗြဟံ ၏ အမျိုးအနွယ် အဖြစ် မှတ်ယူထားသော ဣသရေလ နှင့် အသင်းတော်တို့၏ ဝိညာဉ်ရေး လက္ခဏာကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သလိုပင် ဓမ္မဟောင်းကျမ်းသည် ဣသရေလအား မြင်နိုင်သော အာဗြဟံ အမျိုးအနွယ်တော်၊ အာဗြဟံ၏ ပေါင်းစည်း အမျိုးအနွယ်တော် အဖြစ် ဖော်ထုတ်ပေးထားသည်။ သို့သော် မြင်နိုင်သော ဣသရေလ လူမျိုးတော်အတွင်း၌ ဝိညာဉ်ရေးရာနှင့် ပတ်သက်၍ အသီးသီးအပြားပြား ရှိနေခဲ့ကြောင်း ကျွန်ုပ်တို့ နားလည်သဘောပေါက်ဖို့ လိုပါသည်။ ၎င်း၌ ယုံကြည်သူများရော မယုံကြည်သူများပါ ရှိနေခဲ့ကြသည်။ ဓမ္မဟောင်းကျမ်း မှတ်တမ်းတင်ချက်အရ ဣသရေလလူမျိုးအတွင်း ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ် များစွာတို့သည် အစစ်အမှန် ယုံကြည်သူများ မဟုတ်ခဲ့ကြဘဲ အခြားသူတို့သာလျှင် ဘုရားသခင့်ကတိတော်များကို ကိုးစားသော ယုံကြည်သူစစ်များ ဖြစ်ခဲ့ကြသည်။ ဣသရေလ လူမျိုးအတွင်း ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ အယောက်စီတိုင်းသည် ဘုရားသခင့်အထံတော်မှ သီးသန့် လောကီ ကောင်းချီးအများအပြား ရရှိခံစားခဲ့ကြရသည်မှာ မငြင်းနိုင်ပါ။ သူတို့အားလုံး အဲဂုတ္တု ကျွန်ဘဝမှ ကယ်လွှတ်ခြင်း ခံခဲ့ရသည်။ သူတို့အားလုံး သိနာတောင်၌ ဘုရားသခင်နှင့် ပဋိညာဉ်ဆိုင်ရာ ဆက်နွယ်မှုထဲ ဆောင်သွင်းခံခဲ့ရသည်။ ယုံကြည်နိုင်ရန် အခွင့်အခါ များစွာကို သူတို့အားလုံး ရခဲ့ပြီး ကတိတော်နယ်မြေ ဝင်ခွင့်အတွက်လည်း သူတို့အားလုံး ကမ်းလှမ်းခံခဲ့ကြရသည်။ သို့သော်ငြား အရေးပါသော ကွဲပြားခြားနားမှုများကလည်း ရှိနေခဲ့ပြန်သည်။ တဖက်တွင် ဣသရေလ လူမျိုးအတွင်း မယုံကြည်သောသူတို့သည် သစ္စာမဲ့သောအားဖြင့် သူတို့အတွင်း စိတ် သဘော အစစ်အမှန်ကို လှစ်ပြခဲ့ကြသည်။ သို့ဖြစ်၍ သူတို့အား အစစ်အမှန် နောင်တရစေပြီး ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းသို့ ခေါ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် အာဗြဟံ ဘဝ အဖြစ်အပျက်တို့ကို ဒီဇိုင်းချထားခဲ့သည်။

အခြားတဖက်တွင်မူ ဣသရေလ လူမျိုးအတွင်းရှိ အစစ်အမှန် ယုံကြည်သောသူတို့သည် ဘုရားသခင့် ကတိတော်များကို ကိုးစားစိတ်ချခဲ့ကြပြီး သစ္စာစောင့်သိသောအားဖြင့် သူတို့စိတ် သဘော အစစ်အမှန်ကို ထင်ရှားပြခဲ့ကြသည်။ အဆိုပါ အစစ်အမှန် ယုံကြည်သောသူတို့အားလည်း သူတို့၏ ယုံကြည်ခြင်း၌ ရင့်သန်စေရန် အားပေးရေး ရည်ရွယ်ချက်ဖြင့် အာဗြဟံ ဘဝ အဖြစ်အပျက်များကို ဒီဇိုင်းချထားခဲ့သည်။ ယခုတွင် ဣသရေလ အတွင်းရှိ မယုံကြည်သောသူတို့သည် သူတို့၏ သစ္စာမဲ့မှုကြောင့် ရေတို လောကီကောင်းချီးများကိုသာ ခံစားခဲ့ကြရသည်။ ထာဝရကာလ ရောက်လာချိန်တွင်မူ သူတို့သည် ဘုရားသခင်၏ အဆုံးသတ် ထာဝရဒဏ်စီရင်ချက်ကို ခံယူကြရပေလိမ့်မည်။ အာဗြဟံ၏ အစစ်အမှန် အမျိုးအနွယ်ဖြစ်သော၊ သူ၏ ဝိညာဉ်သားမြေး ယုံကြည်သူ အစစ်အမှန်တို့မူကား ယခုဘဝ လောကီ ကောင်းချီးများစွာကိုသာမက တနေ့သောအခါ ကောင်းကင်သစ် မြေကြီးသစ်၌ အာဗြဟံ၏ အမွေနှင့် ဆိုင်သော ထာဝရ ကောင်းချီးမင်္ဂလာများကိုပါ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခံစားပိုင်ဆိုင်ကြမည် ဖြစ်သည်။ ရောမ ၉း၆-၈ တွင် ဤအမြင်ကို ပေါလုက အတော်ကလေး အားမာန်ပါပါ တင်ပြထားခဲ့သည်။ ထိုနေရာ၌ သူပြောထားသည်ကို နားထောင်ကြည့်ပါ_

> အကြောင်းမူကား ဣသရေလနှင့် ဆက်နွယ်သောသူအပေါင်းတို့သည် ဣသရေလ လူမှန် မဟုတ်။ ထိုနည်းတူ အာဗြဟံ၏ အမျိုးအနွယ်ဖြစ်သောသူ အပေါင်းတို့သည် အာဗြဟံ၏ သားမှန်မဟုတ်။ ဣဇာက်၌သာ သင်၏ အမျိုးတည်လိမ့်မည်ဟု ဗျာဒိတ်တော်ရှိ၏။ ထို့ကြောင့် ဇာတိအမျိုးသားတို့သည် ဘုရားသခင်၏ သားမှန်မဟုတ်၊ ကတိတော်နှင့် ဆိုင်သောသားတို့သည် အမျိုးအနွယ်မှန်သည်ဟု မှတ်တော်မူ၏ (ရောမ ၉း၆-၈)။

ဟုတ်ပါပြီ။ ခရစ်တော်၏ အသင်းတော်ထဲတွင်လည်း အလားတူ ဝိဉာဉ်ရေး အသီးသီး အပြားပြား ဖြစ်နေသည်ကို မြင်ရန် မခက်ခဲပါ။ မြင်ရသော ဓမ္မသစ်အသင်းတော်၌ ဗတ္တိဇံ ခံသောအားဖြင့် ဆက်နွယ်ပတ်သက်လာသူများတွင်လည်း ယုံကြည်သူနှင့် မယုံကြည်သူ ဟူ၍ လူတန်းစား နှစ်ရပ်ပါဝင်နေမည်သာ ဖြစ်သည်။ ဘုရားသခင်နှင့်တကွ ဘုရားသခင့်လူတို့နှင့် ဆက်နွယ် ပတ်သက်မှုကြောင့် ဓမ္မဟောင်း ဣသရေလ ရှိသမျှသည် လောကီ ကောင်းချီးမင်္ဂလာများစွာ ခံစားခဲ့ရသကဲ့သို့ ခရစ်တော်၏ အသင်းတော်ထဲ ပါဝင်နေသမျှ လူတို့အတွက်လည်း လောကီ ကောင်းချီးများစွာ ရှိနေပါသည်။ သူတို့၌ ချစ်ခင်ရသော လူ့အဖွဲ့အစည်း ရှိသည်။ သူတို့၌ ဘုရားသခင့် နှုတ်ကပတ်လည်း ရှိပြီး သတင်းကောင်းကိုလည်း သူတို့ထံ ရှင်းပြ၊ ကမ်းလှမ်းထားသည်။ သို့သော်လည်း မြင်ရသော အသင်းတော်ထဲ၌ ပါဝင်နေသော လူများစွာသည် သူတို့၏ သစ္စာမဲ့ခြင်း အမူအရာအားဖြင့် သူတို့၏ အတွင်းစိတ်သဘော အစစ်အမှန်ကို ဖွင့်ပြသည်။ ထို့ကြောင့် အသင်းတော်ထဲရှိ အဆိုပါ မယုံကြည်သောသူတို့အား စစ်မှန်သော နောင်တပါလျက် ကယ်တင်ခြင်းနှင့်ယှဉ်သော ယုံကြည်ခြင်းသို့ ခေါ်ယူခြင်းဖြင့် အာဗြဟံ၏ ဘဝ အဖြစ်အပျက်တို့အား ထိုသူတို့အတွက် လက်တွေ့အသုံးပြုကြရမည် ဖြစ်သည်။

သို့သော် မြင်ရသော အသင်းတော်အတွင်း ဘုရားသခင့် ကတိတော်များကို ကိုးစားသော ယုံကြည်သူ အစစ်အမှန်များလည်း ရှိနေပြီး သူတို့၏ သစ္စာစောင့်သိမှုက သူတို့၏ အတွင်းစိတ်သဘော အမှန်ကို ဖော်ပြသည်။ သူတို့၏ အသက်တာ တလျှောက် ယုံကြည်ခြင်း၌ ရင့်သန်စေရန် အားပေးခြင်းဖြင့် အာဗြဟံ၏ ဘဝ အဖြစ်အပျက်များအား အဆိုပါ ယုံကြည်သူ အစစ်အမှန်များ အတွက် လက်တွေ့အသုံးပြုကြရမည် ဖြစ်သည်။ ယခုတွင် အသင်းတော်အတွင်းရှိ မယုံကြည်သူများသည် သူတို့၏ သစ္စာမဲ့မှုကြောင့် လောကီကောင်းချီးများကိုသာ ခံစားရရှိပေလိမ့်မည်။ ထာဝရ ကာလ ရောက်လာချိန်တွင်မူကား သူတို့သည် ဘုရားသခင့် အထံတော်မှ ထာဝရ ပြစ်ဒဏ် စီရင်ချက်ကို လက်ခံယူကြရပေလိမ့်မည်။ သို့သော် တနေ့သောအခါတွင် ခရစ်တော်ကို ယုံကြည်ကိုးစားထားပြီး ဖြစ်သည့်၊ အာဗြဟံ၏ အမျိုးအနွယ်စစ်၊ အာဗြဟံ၏ သားမှန်တို့မူကား လောကီ ကောင်းချီးများစွာကိုသာမက သူတို့၏ ထာဝရ ဆုလာဒ်ဖြစ်သော ကောင်းကင်သစ်မြေကြီးသစ်ရှိ အာဗြဟံ၏ အမွေတော်ကိုပါ လက်ခံရရှိကြမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုအကြောင်းကြောင့်ပင် ယာကုပ် ၂း၂၁-၂၂ ၌ အာဖြဟံ၏ အကြောင်းကို ရှင်ယာကုပ် ရေးထားခဲ့ခြင်း ဖြစ်သည်။ ယုံကြည်သူများသာမက မယုံကြည်သူများပါ ပါရှိနေသော မြင်ရသော ခရစ်ယာန် အသင်းတော်ကို စာရေးရာ၌ အဆိုပါ စကားများကို သူပြောခဲ့ခြင်း ဖြစ်သည်။

> ငါတို့ အဘ အာဖြဟံသည် မိမိသား ဣဇာက်ကို ယဇ်ပလ္လင်ပေါ်မှာ တင်လှူပူဇော်သောအခါ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည် မဟုတ်လော။ ယုံကြည်ခြင်းသည် အကျင့်နှင့် အတူ ပြုပြင်၍ အကျင့်အားဖြင့် စုံလင်သည်ကို တွေ့မြင်ကြရ၏ (ယာကုပ် ၂း၂၁-၂၂)။

ဤနေရာ၌ ယာကုပ်ပြောလိုသည့် အဓိက အချက်မှာ အာဖြဟံ၏ ဘဝဇာတ်ကြောင်း အဖြစ်အပျက်တို့သည် အသင်းတော်ထဲရှိ မယုံကြည်သူတို့အား ၎င်းတို့၏ လျှို့ဝှက်ဟန်ဆောင်မှုထဲမှ ပြန်လှည့်ရန် စိမ်ခေါ်ပြီး အသင်းတော်ထဲရှိ ယုံကြည်သူ အစစ်အမှန်တို့ကိုမူကား သစ္စာရှိစွာ အသက်ရှင်ခြင်းဖြင့် သူတို့၏ ယုံကြည်ခြင်းကို ဆက်ဖော်ပြရန် အားပေးသည် ဆိုသည့် အချက်ပင် ဖြစ်သည်။ ထို့ပြင် အာဖြဟံ၏ ဘဝ အဖြစ်အပျက်များအား ယနေ့ခေတ်အတွက် လက်တွေ့အသုံးချသည့်အခါ ကျွန်ုပ်တို့သည် ယနေ့ အသင်းတော်ထဲတွင် ရှိနေသည့် ဝိညာဉ်ပိုင်း ဆိုင်ရာ အသီးသီး အပြားပြား ဖြစ်မှုကို ဝန်ခံသိမှတ်ခြင်းဖြင့် ရှင်ယာကုပ်၏ ထုံးကို နှလုံးမူကြရမည် ဖြစ်သည်။

## သမိုင်းကြောင်း အခြေအနေ

စတုတ္ထအားဖြင့် အာဖြဟံ၏ ဘဝဇာတ်ကြောင်းကို ယနေ့ခေတ် အသုံးပြုရေးအတွက် မောရှေနောက်သို့ လိုက်ပါနေကြသော ဣသရေလတို့၏ သမိုင်းကြောင်း အခြေအနေနှင့် ယနေ့ ခရစ်ယာန် အသင်းတော် သမိုင်းကြောင်းတို့အကြား ထူးခြားလေးနက်သည့် ဆင်တူမှု ရှိနေကြောင်း ကျွန်ုပ်တို့ စွဲမှတ်ထားရပါမည်။ ခရီးတစ်ခုကို သွားနေကြသော ဣသရေလတို့အတွက် အာဖြဟံ ဘဝဇာတ်ကြောင်းကို မောရှေရေးခဲ့ကြောင်း သင်အမှတ်ရပါလိမ့်မည်။ ထွက်မြောက်ကာလ ပထမမျိုးဆက်အတွက် ရေးသည်ဖြစ်စေ၊ ဒုတိယမျိုးဆက်အတွက် ရေးသည် ဖြစ်စေ၊ သူ၏ မူလ ပရိသတ်သည် ကမ္ဘာလောက နှစ်ခု အကြား ခရီးသွားနေသူများ ဖြစ်ခဲ့ကြသည်။ တဖက်တွင် သူတို့သည် ကျွန်ဘဝကို အဲဂုတ္တုတွင် ထားရစ်ခဲ့ပြီး ဖြစ်သည်။ သို့သော် အခြားတဖက်တွင်မူ သူတို့သည် ကတိတော်နယ်မြေ ခါနန်သို့ မဝင်ရောက်ခဲ့ရသေးပေ။ တနည်းဆိုရလျှင် ဣသရေလလူမျိုးသည် သူတို့၏ လောကဟောင်းမှ ကနဦး လွတ်ခြင်းအခွင့်ကို ရရှိခဲ့ပြီး ဖြစ်သော်ငြား သူတို့၏ လောကသစ်ထဲ မဝင်ရောက်ခဲ့ရသေးပေ။ ရလာဒ်အားဖြင့် မောရှေသည် ဣသရေလတို့အား အဲဂုတ္တုနှင့်ဆိုင်သော တပ်မက်မှုအားလုံးကို စွန့်ပစ်ပြီး ကတိတော်နယ်မြေ အောင်ပွဲဆီသို့ ရှေ့ရှုချီတက်ရန် အားပေး ရေးသားခဲ့ရသည်။

မူလ ပရိသတ်၏ သမိုင်းကြောင်း အခြေအနေသည် ယနေ့ခေတ် လက်တွေ့ အသုံးပြုချက်အတွက် အရေးပါသည်။ အကြောင်းမှာ ယနေ့ ခရစ်ယာန် အသင်းတော်သည်လည်း တူညီသော သမိုင်းကြောင်း အခြေအနေ တစ်ခုထဲမှာ ရှိနေ၍ ဖြစ်သည်။ ဣသရေလသည် အဲဂုတ္တုကျွန်ဘဝမှ ကယ်လွှတ်ခံရသော်လည်း ကတိတော်နယ်မြေ၌ ဘုန်းထင်ရှားမည့် အသက်တာသို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဦးတည်နေရဆဲ ဖြစ်သည့်နည်းတူ ခရစ်တော်၏ အသင်းတော်သည်လည်း ခရစ်တော် မြေကြီးပေါ်မှာ ရှိစဉ်ကာလ ပြုပေးခဲ့သည့် အမှုအားဖြင့် အပြစ်၏ အုပ်စိုးမှုထဲမှ ကယ်လွတ်ခံရပြီး ဖြစ်သော်ငြား ခရစ်တော် ပြန်ကြွလာချိန် ဖြစ်ပေါ်လာမည့် ဖန်ဆင်းခြင်းသစ်၏ ဘုန်းအသရေတော်ဆီသို့ ဦးတည်နေရဆဲ ဖြစ်သည်။ အဆိုပါ တူညီ အခြေအနေများက ယနေ့ အသင်းတော်အတွက် အာဗြဟံ၏ ဘဝဇာတ်ကြောင်းထဲမှ လက်တွေ့အသုံးပြုချက် ထုတ်ယူရန် ရည်ညွှန်းဘောင်ကို ကျွန်ုပ်တို့အား ပေးနေသည်။ တနေရာမှ အခြားတနေရာသို့ ခရီးသွားနေသော ဣသရေလကို အားပေး ပဲ့ပြင်ရန် အာဗြဟံအကြောင်း မောရှေ ရေးခဲ့သည့်နည်းတူ သေခြင်းနယ်ပယ်မှ ထာဝရနယ်ပယ်သစ်သို့ ခရီးပြုနေသော ကျွန်ုပ်တို့ကိုလည်း အဆိုပါ အဖြစ်အပျက်တို့က အားပေး ပဲ့ပြင်လျက် ရှိနေသည်။

လက်တွေ့အသုံးပြုချက် ထုတ်နိုင်အောင် အဆိုပါ တူညီ သမိုင်းကြောင်း အခြေအနေတို့က ကျွန်ုပ်တို့အား ဤကဲ့သို့ ဖောင်းပေးနေကြောင်း ကျွန်ုပ်တို့ စိတ်ချထားနိုင်သည်။ အကြောင်းမှာ ကောရိန်သု အသင်းတော်အတွက် ဓမ္မဟောင်းကို ကိုးကားအသုံးပြုရာတွင် ရှင်ပေါလုက အဆိုပါအခြေအနေများ အပေါ် အခြေပြုထားခဲ့၍ ဖြစ်သည်။ မောရှေ၏ ပရိသတ်တို့နှင့် ကောရိန်သု အသင်းတော်တို့အကြား တူညီ သမိုင်းကြောင်း အခြေအနေများအား ၁ကော ၁၀း၁-၆ ၌ ရှင်ပေါလု မှတ်သားထားသည့် ပုံစံကို နားထောင်ကြည့်ပါ။

> ညီအစ်ကိုတို့၊ ငါတို့ ဘိုးဘေးအပေါင်းတို့သည် မိုးတိမ်အောက်မှာ ရှိ၍ ပင်လယ် အလယ်၌ လျှောက်သွားကြသည် ဟူ၍၎င်း၊ မောရှေ၌ ဗတ္တိဇံကို ခံကြသည်ဟူ၍၎င်း၊ ဓမ္မအစာကို အတူစားကြသည် ဟူ၍၎င်း၊ ဓမ္မရေကို အတူသောက်ကြသည် ဟူ၍၎င်း၊ သင်တို့ မသိမမှတ်ဘဲ နေစေခြင်းငှာ ငါအလို မရှိ။ ထိုသူတို့နောက်မှ လိုက်သော ဓမ္မကျောက်မှ ထွက်သောရေကို သောက်ကြ၏။ ထိုကျောက်ကား ခရစ်တော် ဖြစ်သတည်း။ သို့သော်လည်း ထိုသူတို့တွင် များစွာသောသူတို့ကို ဘုရားသခင်သည် အားရနှစ်သက်တော်မမူ။ သူတို့သည် တော၌ သေကြေ ပျက်ဆီးခြင်းသို့ ရောက်ကြ၏။ ထိုသူတို့သည် မကောင်းသော အရာတို့ကို တပ်မက်သကဲ့သို့ ငါတို့သည် မတပ်မက်စေခြင်းငှာ ထို အကြောင်းအရာတို့သည် ငါတို့အဖို့ ပုံသက်သေ ဖြစ်ကြ၏ (၁ ကောရိန်သု ၁၀း၁-၆)။

အလွယ်ဆိုရလျှင် တောကန္တာရကို ဖြတ်သန်းလျက် မောရှေနောက်သို့ လိုက်ပါနေကြသော ဣသရေလတို့သည် ယနေ့ ခရစ်ယာန်များ တွေ့ကြုံခံစားရသည်များနှင့် အလားတူ အရာများကို ကြုံတွေ့ခဲ့ကြကြောင်း ရှင်ပေါလု သတိပြုမိခဲ့သည်။ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ လွတ်ခြင်းအခွင့် ရရှိပြီး ဖြစ်သကဲ့သို့ သူတို့သည်လည်း မောရှေအားဖြင့် ကယ်လွတ်ခံခဲ့ရပြီး ဖြစ်သည်။ ခရစ်ယာန်များ ခရစ်တော်၌ ဗတ္တိဇံခံယူခဲ့ပြီး ဖြစ်သကဲ့သို့ သူတို့သည်လည်း မောရှေ၌ ဗတ္တိဇံကို ခံယူခဲ့ပြီး ဖြစ်ခဲ့ကြသည်။ ခရစ်ယာန်များက သခင်ဘုရား၏ ပွဲတော်မင်္ဂလာ၌ စားသောက်ကြသည်နှင့် များစွာ အလားတူ သူတို့သည်လည်း ဘုရားသခင့်ထံတော်မှ မန္နနှင့် ရေကို သောက်ခဲ့ကြသည်။ သို့တစေ အဆိုပါ အစောပိုင်းကာလ ကျေးဇူးတော် အတွေ့အကြုံတို့သည် ကတိတော်နယ်မြေသို့ ဦးတည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရွှေ့လျားနေစဉ်အတွင်း ဣသရေလကို စမ်းသပ်ကာလ တစ်ခု (ဝါ) စုံစမ်းရာကာလ တစ်ခုထဲသို့ ရောက်ရှိစေခဲ့သည်။ ဝမ်းနည်းဖွယ်ပင် မောရှေ ခေတ်ကာလ၌ အများစုကို ဘုရားသခင် မနှစ်သက်ခဲ့ပဲ ထိုသူတို့သည်လည်း တော၌ သေကြေပျက်ဆီး ခဲ့ကြရသည်။ သို့ဖြစ်၍ ခရစ်ယာန်တို့သည်လည်း အသင်းတော် အဖြစ် မိမိတို့ ခရီးပြုနေရသည့် သဘောသဘာဝကို ဣသရေလတို့၏ အတွေ့အကြုံတို့မှ လေ့လာသင်ယူသင့်ကြောင်း ပေါလု နိဂုံးချုပ်ထားခဲ့သည်။ ခရစ်ယာန် အသင်းတော်အတွက် အာဖြဟံ ဘဝဇာတ်ကြောင်းမှ မည်သို့ လက်တွေ့ခွန်အားယူရမည်ကို ရှင်ပေါလု၏ ဥပမာအရ ကျွန်ုပ်တို့ လေ့လာသင်ယူနိုင်ကြသည်။

ကတိတော်နယ်မြေဆီ ဆက်လက် ရွေ့ရှု ချီတက်လာစဉ် အဲဂုတ္တုမှ လွတ်ခြင်းအခွင့်ပေးရာ၌ ဘုရားသခင် မည်သို့ လုပ်ဆောင်ပေးခဲ့သည်ကို သူတို့ ပြန်ပြောင်း သတိရတိုင်း မောရှေရေးသော အာဖြဟံဘဝဇာတ်ကြောင်း အဖြစ်အပျက်တို့က ဣသရေလတို့ ဆက်လက် သစ္စာခိုင်မြဲနေရေးအတွက် အားပေးခဲ့သည်။ များစွာ အလားတူပင် ကျွန်ုပ်တို့၏ ခရီးကို သွားနေစဉ်အတွင်း မှာလည်း ကျွန်ုပ်တို့ကို အားပေးရာရောက်သော ပုံစံများဖြင့် အာဖြဟံ ဘဝ အဖြစ်အပျက်တို့အား ယနေ့ အသင်းတော်အတွက် ကျွန်ုပ်တို့ လက်တွေ့ အသုံးပြုသင့်ကြသည်။ ခရစ်တော်အပေါ် ကျွန်ုပ်တို့ သစ္စာခိုင်မြဲရမည့် အကြောင်းသည်လည်း နိုင်ငံတော် အစပြုရာ၌ ကိုယ်တော် ပြုပေးခဲ့ပြီး ဖြစ်သည့် အမှုကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်တို့ ခေတ်ကာလ နိုင်ငံတော် ဆက်လက် ကြီးထွားရင့်သန်နေသည်နှင့်အမျှ ကျွန်ုပ်တို့၏ သစ္စာသည် ဆက်လက်ခိုင်မြဲနေကြရမည် ဖြစ်ပြီး ကျွန်ုပ်တို့၏ ခရီးစဉ် ပြီးဆုံးသည့်နောက် ကောင်းကင်သစ် မြေကြီးသစ်ကို ကျွန်ုပ်တို့ ဝင်စားကြမည့် အချိန်ကိုလည်း မျှော်လင့်တောင့်တကြရမည် ဖြစ်သည်။

ထို့ကြောင့် အာဖြဟံဘဝ ဇာတ်ကြောင်းကို ယနေ့ကာလအတွက် လက်တွေ့ အသုံးပြုဖို့ ကျွန်ုပ်တို့ ဆက်လက် လုပ်ဆောင်သွားသည့်အခါ အာဖြဟံနှင့် ယေရှုတို့အကြား ဆက်သွယ်မှုများအပေါ်မှာသာ ကျွန်ုပ်တို့ အလေးထားဖို့ မဟုတ်ပါ။ အာဖြဟံ ဘဝ အဖြစ်အပျက်များကို မူလပထမ လက်ခံရရှိခဲ့သည့် ဣသရေလ လူမျိုးနှင့် ယနေ့ ခရစ်ယာန် အသင်းတော်တို့အကြား ဆက်သွယ်မှုများ အပေါ်မှာပါ ကျွန်ုပ်တို့ အာရုံစိုက်ကြရပါမည်။ ဓမ္မဟောင်း ဣသရေလနှင့် ဓမ္မသစ် အသင်းတော်တို့သည် အာဖြဟံ ၏ အမျိုးအနွယ် ဖြစ်ကြသည်။ ကျွန်ုပ်တို့ နှစ်ဖွဲ့လုံး၌ လူမျိုးပေါင်းစုံ ပါဝင်နေကြသည်။ ကျွန်ုပ်တို့ နှစ်ဖွဲ့လုံးမှာ ဝိညာဉ်ရေး အသီးသီး အပြားပြား ဖြစ်မှု ကိုယ်စီ ရှိကြသည်။ ဘုန်းနှင့် ပြည့်စုံသော ဘုရားသခင့်နိုင်ငံတော် ပန်းတိုင် ဆီသို့လည်း ကျွန်ုပ်တို့ နှစ်ဖွဲ့လုံး ဦးတည် ခရီးသွားနေကြသည်။

## အဓိက အာဘော်များ

အာဖြဟံ ဘဝ ဇာတ်ကြောင်း အဖြစ်အပျက်တို့က ယနေ့ လောကကမ္ဘာ၌ အာဖြဟံ အမျိုးအနွယ်၏ အဆက်အဖြစ် ဆက်လက်ရှိနေသည့် ခရစ်ယာန်အသင်းတော်အတွက် လက်တွေ့ အကျုံးဝင် ပတ်သက်မှုရှိကြောင်း တွေ့မြင်ပြီးသည့်နောက် အာဖြဟံ ဘဝဇာတ်ကြောင်းပါဝင်သည့် အခန်းကြီးများထဲက အဓိက အာဘော်လေးရပ်နှင့် စပ်လျဉ်းပြီး အဆိုပါ လက်တွေ့ အသုံးပြုရေး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်စဉ်က မည်သို့ထည့်သွင်း စဉ်းစားထားသည်ကိုလည်း ကျွန်ုပ်တို့ လေ့လာကြရပါမည်။ ခရစ်တော်၌ ရှိသော ကျွန်ုပ်တို့၏ အသက်တာများနှင့် စပ်လျဉ်းပြီး အဆိုပါ အာဘော်တို့က ဘာပြောဖို့ ရှိပါသနည်း။

ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်၊ အာဗြဟံ၏ သစ္စာစောင့်သိမှု၊ အာဗြဟံသို့ ပေးတော်မူသော ဘုရားသခင့် ကောင်းချီးများ၊ အာဗြဟံအားဖြင့် စီးဆင်းသော ဘုရားသခင့် ကောင်းချီးများ ဟူသည့် အာဘော် လေးရပ်အား အာဗြဟံ ဘဝ အဖြစ်အပျက်တို့၌ ထည့်သွင်း စဉ်းစားထားခဲ့ကြောင်း သင် အမှတ်ရပါလိမ့်မည်။ နောက်ပိုင်း သင်ခန်းစာများထဲ၌ အာဗြဟံ၏ အမျိုးအနွယ်ဖြစ်သော ကျွန်ုပ်တို့၏ အသက်တာများအတွက် အဆိုပါ အာဘော်များက မည်သို့ သွန်သင်သည် ဆိုသည်ကို ကျွန်ုပ်တို့ ထပ်ခါထပ်ခါ ပြည့်သွန်သွားကြပါမည်။ ဤနေရာတွင်မူ လိုက်နာသင့်သည့် ယေဘူယျ လမ်းညွှန်ချက်အချို့ကို ကျွန်ုပ်တို့ အတိုချုပ် ပေးပါမည်။ ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော် ဟူသော ပထမ အာဘော်ကို စဉ်းစားကြပါစို့။

## ဘုရားသခင် ပြုတော်မူသော ကျေးဇူးတော်

ဘုရားသခင်သည် အာဗြဟံသို့ ကရုဏာ များစွာ ပြခဲ့သည်။ သူ့ဘဝ အစပိုင်းမှာသာမက မြေကြီးပေါ်မှာ အသက်ရှင်သည့် နေ့ရက်တိုင်းတွင် ပြခဲ့ခြင်း ဖြစ်သည်။ အာဗြဟံကို ဘုရားသခင် ကရုဏာ ပြခဲ့ကြောင်း သမ္မာကျမ်းစာက ရှင်းရှင်း သွန်သင်ထားသည့်အတိုင်း ကျွန်ုပ်တို့ကို ခရစ်တော်၌ အစပြုပြီး စောင့်မသည့်ကျေးဇူးမျိုးကို ယနေ့ ခရစ်ယာန်များသို့ လည်း ဘုရားသခင် ပြတော်မူလျက် ရှိသည်။ ဧဖက် ၂း၈-၉ တွင် ပေါလုပြောခဲ့သည့်အတိုင်း–

> ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။
> ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင်
> သနားတော်မူရာဖြစ်သတည်း (ဧဖက် ၂း၈-၉)။

ခရစ်တော်၌ ကယ်တင်ခြင်းသည် ဘုရားသခင် ကျေးဇူးတော်ကြောင့် ရသော ဆုလက်ဆောင်သာ ဖြစ်သည်။ ကျွန်ုပ်တို့မှာ ရှိသော ယုံကြည်ခြင်းသည်လည်း ကိုယ်တော်အားဖြင့်သာ ဖြစ်ရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင့် ကရုဏာတော်အပေါ် အလွန်အမင်း မှီခိုအားထားကြရကား ကျွန်ုပ်တို့ ခရစ်ယာန် အသက်တာနေ့ရက် တရက်တိုင်းစီကိုလည်း ထိုကရုဏာအားဖြင့်သာ ဆက်လက် ရှင်သန်ကြရမည်ဖြစ်သည်။ ဘုရားသခင့် စောင့်မခြင်း ကျေးဇူးမရှိဘဲ ကျွန်ုပ်တို့၏ သစ္စာခိုင်မြဲရေး အားထုတ်မှု အလုံးစုံသည် အနတ္တသက်သက်သာ ဖြစ်သည်။

ထိုအကြောင်းကြောင့်ပင် မောရှေနောက်သို့ လိုက်ပါနေကြသော ဣသရေလများအနေဖြင့် အာဗြဟံ ဘဝ ဇာတ်ကြောင်း အဖြစ်အပျက်တို့ကို ကြားသိချိန်၌ သူတို့အသက်တာတွင် ဘုရားသခင်ပြုသော အံ့ဘွယ်အမှုများအကြောင်း လေ့လာသင်ယူပြီးသား ဖြစ်ခဲ့သင့်သည်နှင့် အညီ အာဗြဟံသို့ ဘုရားသခင် ကရုဏာပြသပုံကို ကျွန်ုပ်တို့ ဖတ်ရသည့် အခါတိုင်း ခရစ်တော်၏ နောက်လိုက်များ အနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကျွန်ုပ်တို့အဖို့ ဘုရားသခင် ပြုပေးပြီးသမျှအတွက် မည်သို့ ကျေးဇူးတင်ရမည်ဆိုသည်ကို လေ့လာသင်ယူရန် အခွင့်အခါ များစွာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရရှိကြသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကရုဏာများစွာ ပြခဲ့ပြီး ဖြစ်သောကြောင့် ကိုယ်တော်၏ ကရုဏာကို မည်သို့ ရှာဖွေ၍ ကိုးစားရမည် ဆိုသည်ကို ကျွန်ုပ်တို့ လေ့လာသင်ယူကြရမည် ဖြစ်သည်။

## အာဗြဟံ၏ သစ္စာရှိမှု

များစွာ အလားတူပင် အာဗြဟံ၏ သစ္စာစောင့်သိမှု အာဘော်ကလည်း ခရစ်တော်၏ နောက်လိုက်များအဖို့ ရှုထောင့်များစွာ၌ အကျိုးဝင်သည်။ အာဗြဟံ ဘဝဇာတ်ကြောင်းကို ကျွန်ုပ်တို့ ဖတ်ရသည့်အခါ ယုံကြည်ခြင်း၌ နာခံ အလုပ်အကြွေးပြုဖို့ ဘုရားသခင် သူ့အား မိန့်မှာခဲ့သည့် အခြေအနေများစွာကို ကျွန်ုပ်တို့ တွေ့ရသည်။ သူ့ဘဝ၌ ပြည့်ဝစုံလင်သည့် အခြေအနေသို့ သူ မရောက်ခဲ့တာ မှန်ပါသည်။ သို့ရာတွင် စစ်မှန်သော ယုံကြည်ခြင်း၏ အသီးအပွင့်ကိုတော့ သူ သေချာပေါက် ပြသခဲ့သည်။ သို့ရာတွင် ဓမ္မဟောင်း အချိန်ကာလမှာပင်လျှင် သစ္စာရှိစွာ နာခံခြင်းသည် ဘုရားသခင့် ကရုဏာနှင့် ကျေးဇူးတော်အပေါ်မှာသာ အမြဲတစေ အခြေတည်ခဲ့ကြောင်း စွဲမှတ်ထားရန် အရေးကြီးပါသည်။ သို့ဖြစ်၍ ဤ အလေးပေးချက်အပေါ် ပညတ်စည်းမျဉ်းရှေ့တန်းတင် ဝါဒ ပုံစံ တစ်ခုအဖြစ် ကျွန်ုပ်တို့ အထင်မမှားရန် လိုပါသည်။ မည်သို့ပင် ဆိုစေ ဓမ္မဟောင်းကျမ်းမှာ ကဲ့သို့ပင် ယနေ့ ယုံကြည်သူ အစစ်အမှန်တို့သည် သစ္စာရှိစွာ ဘုရားကို အလုပ်အကြွေးပြုခြင်းဖြင့် ဘုရားသခင့် ကျေးဇူးတော်အပေါ် တာဝန်ရှိစွာ တုန့်ပြန်ဖို့ ဘုရားသခင် မျှော်လင့်လျက် ရှိပါသည်။

ထို့ကြောင့်ပင် သစ္စာစောင့်သိရန်အတွက် ခရစ်တော်၏ နောက်လိုက်တို့တွင် တာဝန်ရှိသည် ဆိုသည့် အပေါ် ဓမ္မသစ်ကျမ်းက အကြိမ်ကြိမ် အလေးပေးထားခြင်း ဖြစ်သည်။ ဧဖက် ၂း၈-၁၀ တွင် ကျေးဇူးတော်နှင့် သစ္စာစောင့်သိမှုတို့အား ရှင်ပေါလု ဆက်နွယ်ထားခဲ့ပုံကို နားထောင်ကြည့်ပါ။

> ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ (ဧဖက် ၂း၈)။ အဘယ်ကြောင့်နည်း ဟူမူကား ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏။ ထိုကောင်းသော အကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ (ဧဖက် ၂း၈-၁၀)။

အခန်းငယ် ၁၀ က ရှင်းရှင်းပြဆိုထားသည့်အတိုင်း ယနေ့ ခရစ်ယာန်များ၌ ကောင်းသောအကျင့်တို့ကို ကျင့်ဆောင်ရမည့် တာဝန် ရှိနေသည်။ ကျွန်ုပ်တို့အား ကယ်တင်ခြင်းဆိုင်ရာ ယုံကြည်ခြင်းအခွင့်ကို ဘုရားသခင် အပ်ပေးခြင်းသည် ကိုယ်တော်ကို သစ္စာရှိဖို့ရန်ပင် ဖြစ်သည်။ ထို့ကြောင့် လူသားများဖက်မှ သစ္စာစောင့်သိရန် လိုအပ်ခြင်းနှင့် စပ်ဆိုင်သည့် အရေးအရာများအား အာဗြဟံ ဘဝဇာတ်ကြောင်းက တင်ပြလာသည်ကို ကျွန်ုပ်တို့ ဖတ်ရသည့်အခါတိုင်း အဆိုပါ တာဝန်များအား အသက်တာ၌ လက်တွေ့ လုပ်ဆောင်ရမည့် အနေအထား၌ ကျွန်ုပ်တို့ ရှိနေကြပြီ ဖြစ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အာဗြဟံသို့ ပေးတော်မူသော ကောင်းချီးမင်္ဂလာများ

တတိယအနေဖြင့် အာဗြဟံသို့ ဘုရားသခင် ကောင်းချီးပေးပုံပေးနည်းတို့သည်လည်း ခရစ်ယာန်အသက်တာနှင့် ပတ်သက်ကြောင်း ကျွန်ုပ်တို့ သိနားလည်ထားသင့်ပါသည်။ အာဗြဟံနှင့် သူ့အမျိုးအနွယ်အား ကြီးမြတ်သည့် ကောင်းချီးများ ပေးမည့်အကြောင်း ဘုရားသခင် ကတိထားတော်မူခဲ့သည်ကို သင် အမှတ်ရပါလိမ့်မည်။ အဆုံးသတ်ဆိုရလျှင် သူတို့သည် ခမ်းနားထယ်ဝါပြီး ကျော်ဇောကိတ္တိနှင့် ပြည့်စုံသည့် ကြီးမြတ်သော၊ ကြွယ်ဝချမ်းသာသော နိုင်ငံ ဖြစ်လာပါလိမ့်မည်။ အဆိုပါ အဆုံးသတ် ကောင်းချီးများနှင့် ပတ်သက်ပြီး ဘုရားသခင်က လူမျိုးစုခေါင်းဆောင်အား မြည်းစမ်း ခံစားခွင့်ပေးခဲ့သည့် အချိန်များကို အာဗြဟံ အဖြစ်အပျက်များ တလျှောက် ကျွန်ုပ်တို့ တွေ့ရသည်။

အဆုံးသတ် ကောင်းချီးများ ပြည့်စုံလာချိန်ကို စောင့်ဆိုင်းနေစဉ်အတွင်း အာဗြဟံကို ပေးခဲ့သော ကတိတော်များသည် သူတို့ အသက်ရှင်နေဆဲကာလမှာပင် ပြည့်စုံလာနေကြောင်း မူလ ဣသရေလ ပရိသတ်တို့ တွေ့နိုင်ခဲ့သည့် နည်းတူ ယနေ့ ကျွန်ုပ်တို့ ခရစ်ယာန်များသည်လည်း အဆိုပါ အလားတူ ကောင်းချီးများ မိမိတို့ထံ ပြည့်ဝ စုံလင်စွာ ရောက်လာမည့်အချိန်ကို မျှော်လင့် စောင့်ဆိုင်းနေစဉ်မှာပင် ထိုကောင်းချီးများအား မြည်းစမ်းရသောအခွင့်ကို အချိန်တိုင်း ဖောဖောသီသီ ခံစားကြရသည်။ ခရစ်တော် ပြန်ကြွလာချိန် ကျွန်ုပ်တို့ ပိုင်ဆိုင်ကြရမည့် အဆုံးသတ် ကောင်းချီးမင်္ဂလာများကို မျှော်လင့်လျက် နေစဉ် ကျွန်ုပ်တို့ အသက်ရှင်နေရစဉ်အခါ မြင်ရသည့် ယခုဘဝ ကောင်းချီးများသည်လည်း ကျွန်ုပ်တို့အား ခွန်အားများစွာ ဖြစ်စေနိုင်သည်။

## အာဗြဟံအားဖြင့် စီးဆင်းသော ကောင်းချီးမင်္ဂလာများ

နောက်ဆုံးအနေနှင့် အာဗြဟံအားဖြင့် လောကသို့ ဘုရားသခင် ပေးမည့် ကောင်းချီးများအပေါ် အာဗြဟံ ဘဝ အဖြစ်အပျက်များက စူးစိုက်ထားသည်နှင့် အညီ ခရစ်ယာန်များ၌လည်း မိမိတို့အားဖြင့် လောကသို့ စီးဆင်းရောက်ရှိသည့် ကောင်းချီးများအပေါ် အလေးအနက် ဆင်ခြင်ရန် အခွင့်အရေး ရှိနေကြသည်။ ရန်သူများ၏ ဘေးရန်မှ ကွယ်ကာမှုရရန် နှင့် သူ၏ မိတ်ဆွေများ အတွက် ကောင်းချီးဖြစ်စေရန် အာဗြဟံအား ကတိတော်ပေးထားခဲ့သည့်အတိုင်း သူသည်လည်း နောင်တနေ့တွင် မြေကြီးသား အပေါင်းတို့နှင့်အတူ ဘုရားသခင့် ကောင်းချီးများကို မျှဝေခံစားလိမ့်မည် ဆိုသည်ကို သင် အမှတ်ရပါလိမ့်မည်။ ထို့ထက်မက လူတန်းစား အသီးသီးကို ကောင်းချီးပေးသည့် တန်ဆာပလာအဖြစ် ဘုရားသခင်သည် အာဗြဟံကို အသုံးပြုခဲ့ကြောင်း အာဗြဟံ အဖြစ်အပျက်များထဲတွင် ကျွန်ုပ်တို့ မကြာခဏ တွေ့ကြရသည်။

ကမ္ဘာဦးကျမ်း၏ မူလပထမ ပရိသတ်တို့ အဆိုပါ အဖြစ်အပျက်များကို လေ့လာ သင်ယူခဲ့စဉ်က သူတို့ခေတ်ကာလ အဖြစ်အပျက်များပေါ်တွင် အလေးအနက် ဆင်ခြင်ရန် အခွင့်အခါများ ရခဲ့ကြသည်။ မတူခြားနားသော လူအုပ်စုများနှင့် သူတို့ တွေ့ကြုံရသည့်အခါ လောကသို့ ကောင်းချီးပေးမည့် ဘုရားသခင့် တန်ဆာပလာများအဖြစ် အလုပ်အကြွေးပြုနိုင်မည့် နည်းလမ်းများအတွက် လမ်းပြမှုကို သူတို့တွေ့ခဲ့ရသည်။ ရန်သူများကို ဆန့်ကျင်တွန်းလှန်ရာတွင် ဘုရားသခင့် ကွယ်ကာမှု ရရန်အတွက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့ စိတ်ချနိုင်ကြသည်။ သူတို့၏ အိမ်နီးချင်းများဆီ ဘုရားသခင့် နိုင်ငံတော် ကောင်းချီးများကို ဖြန့်ကျက်ရန် အားထုတ်မှုများနှင့် အတူ သူတို့ ရှေ့သို့ တက်လှမ်းနိုင်ခဲ့ကြသည်။

များစွာ အလားတူပင် ယနေ့ ကျွန်ုပ်တို့ ခရစ်ယာန်များသည်လည်း ဤအာဘော်ကို ကျွန်ုပ်တို့ အသက်တာအတွက် အသုံးပြုသင့်ကြပေသည်။ ကျွန်ုပ်တို့သည်လည်း ဘုရားသခင့် ကွယ်ကာမှုအတွက် စိတ်ချမှု ထားရှိနိုင်ကြပြီး မြေကြီးစွန်းတိုင်အောင် ဘုရားသခင့် နိုင်ငံတော်ကို တိုးချဲ့ခြင်းဖြင့် မြေကြီးသား အပေါင်းတို့ကို ကောင်းချီးပေးသူဖြစ်စေမည် ဆိုသည့် ခွန်အားပေးချက်ကို ရှာတွေ့နိုင်ကြပါသည်။

# နိဂုံး

အာဗြဟံ ဘဝဇာတ်ကြောင်းကို လက်တွေ့ အသုံးပြုခြင်း ဆိုင်ရာ ဤသင်ခန်းစာထဲ၌ လူမျိုးစု ခေါင်းဆောင်အတွက် ရည်စူးရေးသားထားခဲ့သည့် ကမ္ဘာဦးကျမ်း အခန်းကြီးများသည် ယနေ့ခေတ် ကျွန်ုပ်တို့အတွက် မည်သို့ ပတ်သက်စပ်လျဉ်းမှု ရှိနေကြောင်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။ ပထမဦးစွာ သမ္မာကျမ်း၏ ဤအပိုင်းကဏ္ဍကို ခရစ်ယာန် ရှုထောင့်မှ လေ့လာခြင်းသည် အာဗြဟံ၏ အကြီးမြတ်ဆုံး အမျိုးအနွယ်တော်အဖြစ် ခရစ်တော်အပေါ် အာရုံစိုက်စေကြောင်း ကျွန်ုပ်တို့ မှတ်သားခဲ့ရသည်။ အာဗြဟံ ဘဝဇာတ်ကြောင်းအတွင်း ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသည့် အာဘော်များကို ခရစ်တော်က ပြီးပြည့်စုံစေသော နည်းလမ်းများအားလည်း ၎င်းက ရှာဖွေပေးသည်။ သို့သော် ထိုထက်မက အာဗြဟံ၏ အသက်တာကို အာဗြဟံ၏ ပေါင်းစည်း အမျိုးအနွယ်ဖြစ်သော အသင်းတော်အတွက် မည်သို့ လက်တွေ့ အသုံးပြုနိုင်မည်ကိုလည်း ကျွန်ုပ်တို့ လေ့လာခဲ့ကြသည်။ ခရစ်တော်၌ ယောကျာ်း၊ မိန်းမ၊ ကလေးသူငယ်တို့ အနေဖြင့် ဤသမ္မာကျမ်းစာ အပိုင်းကဏ္ဍ၏ သွန်သင်ချက်များ အတိုင်း မည်သို့ အသက်ရှင်သင့်သည် ဆိုသည်ကိုလည်း ကျွန်ုပ်တို့ လေ့လာခဲ့ကြသည်။

ကမ္ဘာဦးကျမ်းထဲက အာဗြဟံ ဘဝဇာတ်ကြောင်းကို ကျွန်ုပ်တို့အသေးစိတ် လေ့လာသည်နှင့် အမျှ လူမျိုးစုခေါင်းဆောင်၏ ဘဝဇာတ်ကြောင်းကို ကျွန်ုပ်တို့ အသက်တာများ၌ လက်တွေ့ အသုံးပြုနိုင်မည့် အခွင့်အလမ်းများ ကျွန်ုပ်တို့ ပိုမို ရရှိလာကြပါလိမ့်မည်။ မောရှေရေးသော အဖ အာဗြဟံ အကြောင်း အထ္ထုပ္ပတ္တိသည် လူမျိုးစုခေါင်းဆောင်ထံနှင့် အာဗြဟံ၏ အမျိုးအနွယ်တော် ဖြစ်သည့် ခရစ်တော်ထံသို့ သာမက ထို ခရစ်တော်၌ ရှိသောကျွန်ုပ်တို့သည်လည်း အာဗြဟံ၏ သားသမီးများ ဖြစ်သည်နှင့်အညီ အာဗြဟံသို့ ပေးတော်မူသော ကတိတော်၏ အမွေခံများ ဖြစ်ကြသည် ဆိုသည့် အံ့ဖွယ်အရာထံသို့ပါ ကျွန်ုပ်တို့၏ စိတ်ကို ဆွဲခေါ်ကြောင်း ကျွန်ုပ်တို့ တွေ့ကြရပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။